မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၁၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်–ကလေးဝလမ်း ကြည့်ရှုစစ်ဆေး ရာသီမရွေးသွားလာနိုင်ရေး မိုးကာလမရောက်မီဆောင်ရွက်ရန်မှာကြား မော်လိုက်–ကလေးဝလမ်းသစ်မှာ ၃၆ မိုင်သာရှိ၍ လျင်မြန်လွယ်ကူစွာသွားလာနိုင်

ရန်ကုန် မေ ၆

စစ်ကိုင်းတိုင်း မော်လိုက်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်တို့ လိုက်ပါလျက် မေ ၃ ရက် နံနက်ဖြနာရီခွဲက မော်လိုက်တပ်နယ် အောင်ဇေယျခန်းမ၌ မော်လိုက်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စံနမူနာပြအောင်မြင်အောင်ဆောင်ရွက်ရေး၊ ရော်ဘာနှင့် ကြက်ဆူပင်များ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများအား နှုတ်ဆက်အားပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်–ကလေးဝလမ်းပေါ်ရှိ မန်ဖာလေးချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

- ❑ **မော်လိုက်–ကလေးဝလမ်း ဖောက်လုပ်ပြီးစီးသောကြောင့် မော်လိုက်နှင့် ကလေးဝမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာပေါင်း ၃၀ရှိ အိမ်ခြေ ၂၁၆၃လုံး၊ လူဦးရေ ၁၃၄၀၇ဦးတို့ သည် ယခင်က ရေလမ်းခရီးကိုသာ အသုံးပြုနေရာမှ ယခုအခါ လွယ်လင့်တကူ အချိန်တိုအတွင်း မော်တော်ယာဉ်ဖြင့် သွားလာနိုင်သော အကျိုး ကျေးဇူးများကို ရရှိခံစားရမည်။**

မြန်မာ့အလင်း ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

အမျိုးသားရေးဝါဒနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ ရင့်သန်စေပြီး မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းစဉ်လာနှင့် ကိုက်ညီသော လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာ၊ သာသနာရေးနှင့် ယဉ်ကျေးမှု စသော ကိစ္စများကို ကြိုးပမ်းတကုတ် ဆောင်ရွက်ကြရန်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်။

မျိုးသာခင်၏ ဆောင်းပါး (စာ - ၁၀)

❐ မိခင်ရင်ခွင် သမီးများပမာ နွေးထွေးလုံခြုံမှုပေးသော အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း။

သန်းသန်းနုနှင့် တင်မာဝင်းတို့၏ သတင်းမှတ်စု (စာ - ၇)

❐ တာမီးဖလူးဆေးများ ပိုမိုထုတ်လုပ်နိုင်တော့မည်။

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ - ၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၇ ရက်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး အားလေးအားဖြင့် ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိသည်။

နိုင်ငံတော်အတွင်း၌ရှိသည့် ကျေးလက်ပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အသိပညာ ဗဟုသုတပြည့်ဝရန်၊ အတွေးအခေါ် မှန်ကန်ရန် အထူးလိုအပ်သည်။ ပြည်သူများ အတွေးအခေါ် မှန်ကန်ရန်နှင့် အသိပညာ ဗဟုသုတရရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲက ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မဖြစ်မနေ ဖွင့်လှစ်ဆောင်ရွက်ကြရန် အမြော်အမြင်ကြီးစွာ လမ်းညွှန်မှာကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့်တိုင်းအလိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ထားသည့်အတွက် လူကြီး၊ လူငယ်မရွေး စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။ စာဖတ်ခြင်းသည် အသိပညာ ဗဟုသုတ တိုးပွားခြင်း၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်းတို့အပြင် အချိန်ကိုလည်းအကျိုးရှိစွာ အသုံးချတတ်လာမည်ဖြစ်သည်။ ထို့အပြင် ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ဒေသနှင့် နိုင်ငံတော်ကိုအကျိုးပြုမည့် သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းနိုင်သည့် အကျိုးကျေးဇူးများကို ရရှိလာနိုင်ပေသည်။

စာကြည့်တိုက်များသည် စာအုပ်၊ စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လေ့လာဖတ်ရှုရန် စုဆောင်းသိုမှီးထားသော နေရာဌာနတစ်ခုဖြစ်သည့်အတွက် "ပညာဘဏ်တိုက် စာကြည့်တိုက်"ဟု ခေါ်ဆိုနိုင်သည်။ ထို့အပြင် စာအုပ်နှင့် ပြည်သူလူထု ဆက်သွယ်ပေါင်းကူးသောဌာန၊ ဘဝတစ်သက်တာ စာဖတ်ခန်း၊ နိုင်ငံတော်၏ ဦးနှောက်ဟူ၍လည်း အမျိုးမျိုးခေါ်ဆိုနိုင်သည်။ အသိပညာဖြန့်ဖြူးရေးတွင် အထိရောက်ဆုံးဌာနတစ်ခုဟုလည်း ဆိုနိုင်သည်။

ပညာ၊ ဗဟုသုတတိုးပွားလာသည်နှင့်အမျှ ကျေးလက်ပြည်သူတို့၏ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရေးစီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၁၉၄၉ ရွာအနက် ဧပြီလ ၁၈ရက်နေ့အထိ ကျေးရွာပေါင်း ၅၃၅၅၄ ရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပြီးဖြစ်သည်။ တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးပြီးပြီဟု ဆိုနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ကျေးရွာပေါင်း ၂၅၈၉ ရွာ၌ ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေလ ၂ ရက်နေ့တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာပြည်သူများ စာအုပ်စာစောင်များကို အမြဲမပြတ် ဖတ်ရှုလေ့လာနိုင်စေရန် ဆက်လက်စည်းရုံးဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ လစဉ်တိုးပွားနေစေရေး၊ ကျေးရွာအလိုက် စာအုပ်ငှားစနစ် ချမှတ်ဆောင်ရွက်ရေး၊ စေတနာရှင်များထံမှ အလှူငွေ ရှာဖွေရေး၊ ရန်ပုံငွေထူထောင်ဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံ မရှိသေးပါက ထူထောင်ပေးရေး၊ စာကြည့်တိုက် ပရိဘောဂများ ပိုမိုပြည့်စုံလာစေရန် ထူထောင်ပေးရေး၊ စာကြည့်တိုက်မှူးကောင်းများ ရှိလာ၊ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးရေးတို့ကို အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအာဏာပိုင်များ၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏အား၊ ကျေးရွာအလိုက် ဖွဲ့စည်းထားသော စာကြည့်တိုက် ကော်မတီ၏အားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၏အား ဟူသည့် အားလေးအားဖြင့် အမြဲမပြတ် ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၇-၅-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ပဋိစ္စသမုပ္ပာဒ်နှင့် ကမ္မဘဝရှင်းတမ်း"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အမှတ်တရ"**
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၂၅ ၄။ မျိုးချစ်တပ်မတော်
၄:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀ ၁၂။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၅၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၃၈)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၃၈)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

စစ်ကိုင်းတိုင်းပညာသင်ဆုနှင့် ဦးတင်မောင်ပညာသင်ဆုချီးမြှင့် တိုင်းမှူးဗိုလ်ချုပ်သာအေး ပညာသင်ဆု ငွေစုစာအုပ်များပေးအပ်

နေပြည်တော် မေ ၆

၂၀၀၆ ခုနှစ် စစ်ကိုင်းတိုင်း ပညာသင်ဆုနှင့် ဦးတင်မောင်ပညာသင်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ၂၇ရက် နံနက်ပိုင်းက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး နည်းပညာကောလိပ် ကျောင်းသား ကျောင်းသူများနှင့် ကွန်ပျူတာကောလိပ် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆု ငွေစုစာအုပ်များပေးအပ်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ပညာသင်ဆု မတည်လှူဒါန်းသူ အလှူရှင် ဦးတင်မောင်က ပညာသင်ဆုများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက နည်းပညာကောလိပ် ကျောင်းသား ကျောင်းသူ ၂၀နှင့် ကွန်ပျူတာကောလိပ်ကျောင်းသား၊ ကျောင်းသူ၂၀တို့အတွက် ပညာသင်ဆု ငွေစုစာအုပ်များကို လည်းကောင်း၊ အလှူရှင် ဦးတင်မောင်က ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၂ ဦး၊ နည်းပညာကောလိပ်ကျောင်းသား ကျောင်းသူ ၂၀၊ ကွန်ပျူတာကောလိပ် ကျောင်းသား ကျောင်းသူ ၁၀ဦးနှင့် စိုက်ပျိုးရေး တက္ကသိုလ်ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အတွက် ပညာသင်ဆု ငွေစုစာအုပ်များကိုလည်းကောင်း အသီးသီး ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

လက်ခံရယူ

ဆက်လက်၍ ပညာသင်ဆုချီးမြှင့်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာစစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များက လှူဒါန်းငွေကျပ်သိန်း ၃၀၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀သိန်း၊ မြို့မိမြို့ဖများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ငွေကျပ်၂၂၆သိန်း စုစုပေါင်းငွေကျပ် ၅၃၆သိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အား ပြည်ပအဖျက်သမားများနှင့် ပြည်တွင်းနယ်ချဲ့သြဇာခံအဖွဲ့များ သုံးဖက်သုံးတန် ညှပ်တိုက်နေ ပုဆိန်ရိုးများနှင့် အဖျက်သမားများ၏ လုပ်ရပ် ပြည်သူသိအောင် မီဒီယာနည်းဖြင့် ချပြဆွေးနွေး

အဖျက်သမားများ၏ ရန်ကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ပူးပေါင်းကာကွယ်

ရန်ကုန် မေ ၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၂ရက် မွန်းလွဲ ၂နာရီတွင် လားရှိုးမြို့ရှိ ရွှေလီရတနာခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲ၌ အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းဆောင်ရွက်မှုတင်ပြ

ရှေးဦးစွာ လားရှိုးခရိုင်၊ မူဆယ်ခရိုင်၊ ကျောက်မဲခရိုင်နှင့် ကွမ်းလုံခရိုင်တို့မှ ဦးစီးအရာရှိများ၊ သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မုံးကိုး၊ မန်ဟီးရိုး၊ တာမိုးညဲနှင့် နောင်ချိုမြို့နယ်၊ သီပေါမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မန်တုံမြို့နယ်၊ ကုန်းကြမ်းမြို့နယ်နှင့် ဟိုပန်မြို့နယ်တို့မှ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအရာရှိများ၊ လားရှိုးမြို့ ထပ်ဆင့်လွှင့်စက်ရုံမှူးနှင့် လားရှိုးကိုယ်ပွား သတင်းစာတိုက်နှင့် လားရှိုးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း(မော်ကွန်းရုပ်ရှင်)တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် နိုင်ငံတော်၏ ကျေးဇူးကိုသိရှိနားလည်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်၊ ကျေပွန်အောင် နှစ်ဆ၊ သုံးဆတိုးပြီး ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနက ချမှတ်ပေးထားသော ၂၀၀၆ခုနှစ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၁၄)ရပ်ကို အောင်မြင်အောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့ မြို့နယ်များအတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့် တိုက်များရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ချမှတ်ပေးထားသည့်လုပ်ငန်းစဉ်(၅)ရပ်အတိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

လက်တွဲပူးပေါင်းကာကွယ်

ဝန်ထမ်းများအနေဖြင့် ယနေ့နိုင်ငံရေးအခြေအနေကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိထားရန် လိုအပ်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပအဖျက်သမားများနှင့် ပြည်တွင်းရှိ နယ်ချဲ့သြဇာခံ အဖွဲ့အစည်းများကလည်း နိုင်ငံတော်ကို ဘက်ပေါင်းစုံမှနေ၍ နိုင်ငံရေးတိုက်ကွက်၊ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်များဖြင့် သုံးဖက်သုံးတန် ညှပ်တိုက်နေကြကြောင်း၊ ယင်းပြည်ပအားကိုး ပုဆိန်ရိုးများနှင့် အဖျက်သမားများ၏ လုပ်ရပ်များကို ပြည်သူလူထုသိရှိအောင် မီဒီယာနည်းဖြင့် ချပြဆွေးနွေး၍ အဖျက်သမားများ၏ ရန်ကို ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်းကာကွယ်သွားကြရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေးအတွက် မိမိတို့အနေဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မီဒီယာ၏ စွမ်းအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသကျေးရွာများရှိပြည်သူများ အသိပညာ ပိုမို ပွင့်လင်းလာအောင် နယ်လှည့်စာကြည့်တိုက်များ၊ ဟောပြောပွဲများသွားရောက်ပြုလုပ်ပေးရန် လည်းလိုအပ်ကြောင်း၊ နိုင်ငံတော် အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသနေ ပြည်သူများသိရှိအောင် မီဒီယာအပိုင်းက ချပြဆွေးနွေးကြရန်လိုအပ်ကြောင်း၊ ပြန်ကြားရေးဝန်ထမ်းများအနေဖြင့် မီဒီယာနည်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြစေလိုကြောင်းစသည်ဖြင့်ပြောကြားပြီး တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

အသင်းဝင်များနှင့်တွေ့ဆုံ

ထို့အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံပွဲကို မေ၃ရက် နံနက်၈နာရီက လားရှိုးမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်၊ ရပ်ကွက် တာဝန်ခံများ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှု အခြေအနေများ၊ အသင်းဝင်များအနေဖြင့် ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်များကို လေ့ကျင့်၍ တိုင်းပြည်နှင့် လူမျိုးအကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်နေမှုများ၊ နယ်မြေအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မပျက်စီးအောင်ထိန်းသိမ်း

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံရေး အခြေအနေတွင် အဖျက်အမှောင့်မျိုးစေ့များ အပင်မပေါက်အောင် ကာကွယ်ရန်လိုကြောင်း၊ ရရှိထားသည့် အခြေခံကောင်းများကို မပျက်စီးအောင် ထိန်းသိမ်းကြရန်လိုကြောင်း၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတချို့က တိုင်းပြည်အတွက် ဘာမှမလုပ်ခဲ့သော်လည်း အာဏာကို ငမ်းငမ်းတက် အချောင်လိုချင်နေကြကြောင်း၊ နိုင်ငံတော်အစိုးရနဲ့ ပြည်သူများ စိတ်ဝမ်းကွဲအောင် ဖန်တီးနေကြကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် ပြည်တွင်းရှိ နယ်ချဲ့သြဇာခံ အဖွဲ့အစည်းတချို့က နိုင်ငံတော်ကို မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ ပြည်ပတိုက်ကွက်များဖြင့် ဘက်ပေါင်းစုံမှ သုံးဖက်သုံးတန် ညှပ်တိုက်နေကြကြောင်း၊ ယင်းအဖျက်သမား ပြည်ပ သြဇာခံ အဖွဲ့များ၏ အန္တရာယ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲတိုက်ဖျက်သွားကြရန် လိုအပ်ကြောင်း။

အသင်းကြီး၏ အဓိကအားမှာ စည်းရုံးရေးဖြစ်ကြောင်း၊ စည်းရုံးမှုဖြင့် အောင်မြင်နိုင်သကဲ့သို့ အောင်မြင်မှုဖြင့် စည်းရုံးနိုင်ကြောင်း၊ အသင်းသားများအနေဖြင့် အချိန်တိုင်းတွင် စည်းရုံးသူနှင့် တည်ဆောက်သူများ ဖြစ်ရန်လိုအပ်ကြောင်း၊ စည်းရုံးရာတွင် သဘောတရား၊ လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် ပုဂ္ဂိုလ်ရေးခင်မင်မှုတို့ဖြင့် ပေါင်းစပ်စည်းရုံးဆောင်ရွက်ပြီး တည်ဆောက်ရာတွင်လည်း ဒေသအာဏာပိုင်များ၊ ပြည်သူလူထုများနှင့် အတူပူးပေါင်း၍ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အသင်းဝင်များ၏ အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲပြီး အသင်းကြီး၏ ရည်ရွယ်ချက်၊ ကျင့်ဝတ်၊ အဓိဋ္ဌာန်တို့ကို နားလည်လိုက်နာကြရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို နံနက် ၉နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မဂ္ဂင်ဓမ္မစေတီ ထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကပူဇော်ပွဲ

ရန်ကုန် မေ ၆

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝတ္တကမြေ တနင်္ဂနွေထောင့်၌ တည်ထားအပူဇော်ခံမည့် ဗုဒ္ဓသရီရမြတ်စွယ်တော် စွယ်တော်ရှင် ဆုတောင်းပြည့် မဂ္ဂင်ဓမ္မစေတီ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကို (၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့)၊ မေ၁၁ရက် (ကြာသပတေးနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ကုသိုလ်ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များ ကြွရောက်ပူဇော်နိုင်ကြကြောင်း သိရသည်။ **(က-ပ)**

Government Online System သင်တန်းဆင်းပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မေ ၆

Government Online System (GOS) Course(01/06-07)(အချိန်ပြည့်)သင်တန်းဆင်းပွဲကို မေ၅ရက်တွင် နေပြည်တော်မြို့တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်သည်။

အဆိုပါ သင်တန်းမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ပြီး ရုံးဌာနအသီးသီးတွင် Online စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပို့ချသည့်သင်တန်းဖြစ်ကာ သင်တန်းသား သင်တန်းသူ ၆၄ဦးတို့ တက်ရောက်ခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

သင်တန်းဆင်းပွဲအပြီးတွင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် သင်တန်းခန်းမနှစ်ခုတို့သို့ သွားရောက်၍ သင်တန်းအထောက်အကူပြု ကွန်ပျူတာစနစ်များ တပ်ဆင်ထားရှိမှု အခြေအနေနှင့် သင်တန်းပို့ချမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရုံးအဆောက်အအုံအတွင်း ဖွင့်လှစ်ထားသော e-Library ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ် ကုသိုလ်ဖြစ် ပြေးဆွဲပေးမည်

ရန်ကုန် မေ ၆

လှိုင်သာယာမြို့နယ်နေ ဦးခင်အောင်-ဒေါ်ခင်မြင့်သူမိသားစုက မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဌာနခွဲ(၂) စီမံမှုအောက်ရှိ ယာဉ်အမှတ် ၅ခ/၂၈၁၅၊ ၁က/၇၀၈၀၊ ၆က/၇၇၁၅ နှင့် ၅က/ ၃၂၀၉ ယာဉ်လေးစီးသည် မေ၁၁ရက် (ကဆုန်လပြည့်)နေ့တွင် အခမဲ့ယာဉ် ဆိုင်းဘုတ်ချိတ်ဆွဲလျက် ၁၂၈ လိုင်း လှိုင်သာယာ-ဒဂုံဈေး အဝေးပြေး-အောင်မင်္ဂလာ အဝေးပြေး၊ ၅၄လိုင်း ပုဇွန်တောင်-အေဘီစီ-လှိုင်သာယာ နည်းပညာတက္ကသိုလ်၊ ၁၂၉ လိုင်း လှိုင်သာယာ-ဆူးလေသို့ တစ်နေကုန် (၁၆)ကြိမ်မြောက် ကုသိုလ်ဖြစ် ပြေးဆွဲပေးမည်ဟု သိရသည်။ **(က-ပ)**

မိုး

သတိပြု

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ တွေ့ဆုံဆွေးနွေး

ဟနွိုင်း မေ ၆

အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် အစည်းအဝေးကျင်းပပြီး ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဗီယက်နမ်သတင်းဌာနက မေ ၄ ရက်၌ ထုတ်ပြန်သည်။

ဆွေးနွေး

ဗုဒ္ဓဟူးနေ့မှစတင်၍ လေးရက်ကြာကျင်းပခဲ့သည့် ယင်းအစည်းအဝေးတွင်တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ခရီးသွားလုပ်ငန်းဈေးကွက်၊ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုအဆင့်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဖွဲ့စည်း

ထို့အပြင် ခိုင်မာသော ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်၊ ဘုံခရီးသွားလုပ်ငန်းအဆင့်၊ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုဖိုရမ် ဖွဲ့စည်းခြင်းများကို ဆွေးနွေးလျက်ရှိသည်။

ယင်းအစည်းအဝေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်ခြင်း ကဏ္ဍတစ်ရပ်အဖြစ် ဗီယက်နမ်နိုင်ငံ ခရီးသွားလုပ်ငန်းက ကျင်းပခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံရှိ လှုပ်ရှားလာသော မီရာပီမီးတောင်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား မီရာပီမီးတောင် ချော်ရည်များစီးဆင်းနေ

ဂျကာတာ မေ ၆

အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင်သည် မေ၄ရက်က လှုပ်ရှားမှုပြင်းထန်လာပြီး မီးတောင်ထိပ်ဝမှ ချော်ရည်ပူများ စီးဆင်းခဲ့ကြောင်း သို့ရာတွင် ၎င်းချော်ရည်များစီးဆင်းမှုမှာ အဝေးသို့ရောက်ရှိခြင်းမရှိကြောင်း အင်ဒိုနီးရှားရှိ မီးတောင်ကျွမ်းကျင်သူများက ပြောကြားသည်။

မီရာပီ မီးတောင်သည် ပစိဖိတ်ဒေသရှိ ငလျင်ရပ်ဝန်းအတွင်း အန္တရာယ်အကြီးမားဆုံး မီးတောင်တစ်ခုဖြစ်ပြီး လွန်ခဲ့သည့်သီတင်းပတ်များကပင် လှုပ်ရှားနေခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့မီးတောင်လှုပ်ရှားပြီး ချော်ရည်ပူများ စီးဆင်းနေသော်လည်း အာဏာပိုင်များက ပြည်သူများအား သတိပေးမှုများ အဆင့်နှစ်မှတစ်သို့ တိုးမြှင့်ထုတ်ပြန်မည် မဟုတ်ကြောင်းသိရသည်။

မီရာပီ မီးတောင်လှုပ်ရှားလာသည့် အချိန်မှစတင်ကာ မီးတောင်ဝန်းကျင်တွင် နေထိုင်သူ ဒေသခံများအား ဘေးလွတ်ရာသို့ အလျင်အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။ မီးတောင်အနီး ခြောက်ကီလိုမီတာ အကွာအတွင်း နေအိမ်များကို ပိတ်ထားပြီး လူများအားဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားသည်။

သေဆုံး

မီရာပီ မီးတောင်ပေါက်ကွဲမှုကြောင့် (၁၉၃၀) ပြည့်နှစ်က လူ၁၃၀၀ခန့် သေဆုံးခဲ့ရပြီး ၁၉၉၄ ခုနှစ်က လူ၇၀ခန့် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

တွန်ဂါနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ် ဆူနာမီသတိပေးချက်ထုတ်ပြန်ထား

တွန်ဂါနိုင်ငံ ငလျင်ဗဟိုပြုလှုပ်ခဲ့သည့် နေရာပြမြေပုံကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



လန်ဒန် မေ ၆

တွန်ဂါကျွန်းတွင် ရစ်ချ်တာစကေး ၈ဒသမ ၁ရှိ အင်အားပြင်းငလျင်လှုပ်မှုကို အမေရိကန်နိုင်ငံ ဘူမိဗေဒလေ့လာတိုင်းတာရေး ဝက်ဆိုက်ဒ်က မေ ၃ရက်၌ဖော်ပြသည်။ အေအက်ဖ်ပီသတင်းဌာနကမူ ရစ်ချ်တာစကေး ၇ဒသမ ၈ရှိကြောင်း ဖော်ပြခဲ့သည်။ ယင်းငလျင်လှုပ်မှုကြောင့် ဖီဂျီနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၌ ဆူနာမီဒီလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

ငလျင်လှုပ်

သတိပေးနှိုးဆော်ချက်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီဒီလှိုင်းများဖြစ်နိုင်ခြင်းရှိမရှိကို အသေအချာမသိရသော်လည်း ယင်းကဲ့သို့ လှိုင်းများသည် ဒေသစံတော်ချိန် ၁၇း၁၃ဂျီအမ်တီတွင် ဖီဂျီနိုင်ငံ ဆူဗာမြို့နှင့် ဒေသစံတော်ချိန် ၁၈း၂၁ဂျီအမ်တီတွင် နယူးဇီလန်နိုင်ငံ ဘစ်ဘွန်း မြို့များသို့ ရိုက်ခတ်သွားနိုင်ကြောင်း သတိပေးထားသည်။

ဆူနာမီဖြစ်ပေါ်နိုင်ခြင်းကို မသိရသော်လည်း ယခုသတိပေးချက်သည် ငလျင်၏အတိုင်းအတာပမာဏပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ငလျင်၏အတိုင်းအတာပမာဏသည် ဆူနာမီဒီလှိုင်းများ ဖြစ်ပေါ်နိုင်သည့် အလားအလာများရှိနေကြောင်း ပစိဖိတ် ဆူနာမီဗဟိုဌာနက ပြောကြားသည်။

အနှစ် ၂၀ကျော်ကာလတွင် ယခုငလျင်လှုပ်မှုသည် အရှိန်အပြင်းဆုံး တုန်ခါမှုဖြစ်ခဲ့ကြောင်း၊ အပျက်အစီးနှင့် ပတ်သက်၍ ချက်ချင်းအစီရင်ခံ တင်ပြခြင်းမရှိသေးကြောင်း၊ ငလျင်လှုပ်ပြီးနောက် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားခဲ့ကြောင်း တွန်ဂါနိုင်ငံ ရဲအရာရှိတစ်ဦးက ဗြိတိန်စကိုင်းတယ်လီဗီးရှင်းသို့ သတင်းပေးပို့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ နန်ကျင်းမြို့တွင်ကျင်းပသည့် အမြွှာပူးများ၏ စွမ်းရည်ပြိုင်ပွဲတွင် အမြွှာညီအစ်မနှစ်ဦး ပါဝင်ယှဉ်ပြိုင်နေသည်ကို မေ ၄ ရက်က တွေ့ရစဉ်။ (ယင်းပြိုင်ပွဲတွင် အမြွှာပူး ၅၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့နှင့် ဟန်ကျိုးမြို့ကို ဆက်သွယ်သော အဝေးပြေးလမ်းမကြီး၌ ယာဉ် တိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် အကူအညီ ရယူရန် စောင့်ဆိုင်းနေသည့် ခရီးသွားများကို မေ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသွား ဒုတိယအများဆုံး လာရောက်သည့်နိုင်ငံ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်လာလိမ့်မည်

ဟန်ကျိုး မေ ၆

တရုတ်နိုင်ငံသည် ၁၀နှစ်တာကာလအတွင်း ကမ္ဘာ့ဒုတိယအကြီးဆုံး ခရီးသွားစီးပွားရေးလုပ်ငန်းဖြစ်ခဲ့ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဆိုင်ရာကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် သုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၀၆ခုနှစ်၌ ၁၄ရာခိုင်နှုန်း တိုးတက်ကာ ယွမ် ၂ဒသမ ၇၇ထရီလီယံရှိကြောင်း သိရသည်။

၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၈ဒသမ ၇ ရာခိုင်နှုန်း နှစ်စဉ်တိုးတက်လာမည့် စီမံကိန်းနှင့်အတူ တရုတ်နိုင်ငံသည် ကမ္ဘာတွင် ခရီးသွားလုပ်ငန်း၌ ဒုတိယအတိုးတက်ဆုံး နိုင်ငံဖြစ်လာမည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ခရီးသွားလုပ်ငန်းအုပ်ချုပ်မှုစာရင်းအရ ပြီးခဲ့သောနှစ်က ခရီးသွားသန်း ၁၂၀လာရောက်ခဲ့ကြောင်း၊ ယင်းစာရင်းအရ လာမည့် ငါးနှစ်အတွင်း ၈ ရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း၊ ၂၀၁၉ခုနှစ်တွင် ခရီးသွားသန်း ၁၃၇သန်းကို လက်ခံရရှိကာ ကမ္ဘာ့အကြီးဆုံးခရီးသွားများ လာရောက်ရာနိုင်ငံဖြစ်ရန် မျှော်လင့်ထားကြောင်း ယင်းအစီရင်ခံစာက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကမ္ဘာ့အသက်အကြီးဆုံး အဘွားအို
၁၂၈ နှစ်မြောက် မွေးနေ့ပွဲကျင်းပ

ဆန်အော်ဂစ်စတင် (အယ်လ်ဆာဗေဒို) မေ ၆

ခရစ်ဖ်ဟာနာဒက်ဇ် အဘွားအိုသည် မေ ၄ ရက်က ကမ္ဘာ့အသက်အကြီးဆုံး လူသားအဖြစ် (၁၂၈)နှစ်မြောက် မွေးနေ့ပွဲကို ကျင်းပခဲ့သည်။

အဘွားအိုအား အသက် (၁၂၈)နှစ်မြောက် မွေးနေ့ပွဲ၌ ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

သူမ၏ မွေးနေ့ပွဲအခမ်းအနားသို့ ဆွေမျိုးမိတ်သင်္ဂဟများ လာရောက်ကြပြီး မွေးနေ့ပွဲကို ပါဝင် ဆင်နွှဲခဲ့ကြကြောင်း၊ အချို့သော သူများက ကိတ်မုန့်အချို့ကို ယူဆောင်၍ အယ်လ်ဆာဗေဒိုသူရဲကောင်း အမျိုးသမီးဝတ်စုံများကို ဝတ်ဆင်လျက် လာရောက်ကြကြောင်း သိရသည်။

မွေးဖွား

အဆိုပါ အသက်အကြီးဆုံးလူသား အမျိုးသမီးသည် အယ်လ်ဆာဗေဒို အလယ်ပိုင်းပြည်နယ်ထဲမှ တစ်ခုတွင် နေထိုင်ခဲ့ကြောင်း၊ သူမအား ၁၈၇၈ ခုနှစ် မေ ၃ရက်တွင် ဖွားမြင်ခဲ့ကြောင်း၊ ကလေး ၁၃ယောက်ကိုလည်း မွေးဖွားပေးခဲ့သူဖြစ်ကြောင်း၊ ယခု သူမသည် မြေး ၆၀၊ မြစ် ၈၀ နှင့် တီ ၂၅ယောက်ရှိကြောင်း သိရသည်။

အသိအမှတ်ပြု

အမျိုးသား မွေးစာရင်းဌာနက သူမ၏ ကိုယ်ရေးအချက်အလက်များကို ကမ္ဘာ့မှတ်တမ်းစာအုပ် ဂင်းနက်စ်အဖွဲ့သို့ ပေးပို့ခဲ့သော်လည်း ကမ္ဘာ့အသက်အကြီးဆုံးလူသားအဖြစ် အသိအမှတ် မပြုသေးကြောင်း၊ ဂင်းနက်စ်က ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသမီးအဖြစ်၁၁၇နှစ်ရှိ အီကွေဒေါအမျိုးသမီး မာရီယာ အီစတာဒီကာပီဗယ်လာအား အသိအမှတ်ပြုထားကြောင်း သိရသည်။

အဆိုပါ ဂင်းနက်စ်အဖွဲ့က အသက်အကြီးဆုံးအမျိုးသမီးမှာ ၁၂၂ နှစ်အထိသာနေနိုင်ခဲ့ပြီး အသက်အကြီးဆုံး အမျိုးသားမှာ ၁၉၈၆ခုနှစ်က အသက် ၁၂၀တွင် ကွယ်လွန်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာ သတင်းများ

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့မှ အင်ဒိုနီးရှား နုတ်ထွက်မည်မဟုတ်ဟုဆို

ဂျကာတာ မေ ၆

နိုင်ငံတကာရေနံကုန်သွယ်မှုတွင် လိုငွေများ ဆက်လက်ပြသနေသော ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့မှ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နုတ်ထွက်မည်မဟုတ်ကြောင်း အင်ဒိုနီးရှားထိပ်တန်းအရာရှိကြီးတစ်ဦးက မေ ၄ ရက်၌ ပြောကြားသည်။

သဘောတူ

"မိမိနှင့် နိုင်ငံခြားရေးဝန်ကြီး ဟက်ဆင်ဝီရာဂျူဒါ တို့အနေဖြင့် သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း၊ အိုပက်အဖွဲ့မှ နုတ်ထွက်မည်မဟုတ်ကြောင်း" အင်ဒိုနီးရှား နိုင်ငံစွမ်းအင် ဝန်ကြီး ပူရာနိုမိုယူဂင်တိုရိုက ပြောကြားသည်။

တိုက်တွန်း

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အိုပက်အဖွဲ့မှ နုတ်ထွက်ရန် တိုက်တွန်းမှုများရှိနေသည်။ ယင်းမှာ အင်ဒိုနီးရှား နိုင်ငံအနေဖြင့် ရေရှည်တွင် အဓိက ရေနံထုတ်လုပ်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်မှု မရှိနိုင်သည့်အတွက်ကြောင့် ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၀၈ သန်းထုတ်လုပ်ရန်ဖြစ်သော်လည်း ယခုအခါ တစ်နေ့လျှင် ရေနံစည်ပေါင်း ၉၉၅၀၀၀ခန့်သာ ထုတ်လုပ်နိုင်သည့် အခြေအနေ ရှိနေသည်။

လျော့နည်း

ထို့အပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်တင်ပို့ရောင်းချမှုတွင် ၂၀၀၅ ခုနှစ်၌ ယူပီ ၁၀၃ ဒသမ ၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၁ဒသမ ၀၉ ဘီလီယံ) ရရှိခဲ့သဖြင့် သတ်မှတ်လျာထားချက်ထက် ၂၅ ဒသမ ၂ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့သည်။

တင်ပို့

သို့သော်လည်း လွန်ခဲ့သည့်လ အနည်းငယ်က ပြည်ပသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ဒသမ ၁၅ဘီလီယံ ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လည်ပင်းကို လွန်ပူဖြင့် ထောက်ပြနိုင်သူ

လွန်ပူကို လည်ပင်းတွင် ထောက်ကာ ခံနိုင်မှု စွမ်းရည်ပြသ နေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် နန်နင်းမြို့တွင် တရုတ်အမျိုးသားတစ်ဦးက လျှပ်စစ် လွန်ပူတစ်ခုဖြင့် သူ၏လည်ပင်းကို ထောက်ကာ ခံနိုင်ရည်ရှိကြောင်း ပြသခဲ့သည်။ ယခုကဲ့သို့ ပြသခြင်းမှာ ကမ္ဘာလှည့် ခရီးသွားများ ပိုမိုလာရောက်စေရန် ရည်ရွယ်ပြီး ပြသခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့နားရွက် အကြီးဆုံးခွေး

ကမ္ဘာပေါ်ရှိ ခွေးများအနက် နားရွက်အကြီးဆုံးခွေးတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

အင်္ဂလန်နိုင်ငံအနောက်ပိုင်း ဆုဆက်စ်မြို့ရှိ ဖီလ်ဂျက်ဖ်ဖရီပိုင်ဆိုင်သည့် ခွေးတစ်ကောင်၏ နားရွက်အရှည်မှာ ၁၁ ဒသမ ၅ လက်မရှိရာ ကမ္ဘာပေါ်တွင် နားရွက်အကြီးဆုံး ခွေးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တိုယိုတာကားများ ရောင်းချမှု ဧပြီလအတွင်း ၉ရာခိုင်နှုန်းမြင့်တက်

နယူးယောက် မေ ၆

အမေရိကန်ပြည်ထောင်စု၌ ဧပြီလအတွင်းက တိုယိုတာမော်တော်ကားများ ရောင်းချရမှုမှာ ၉ရာခိုင်နှုန်း မြင့်တက်လာသည်။

ဟွန်ဒါမော်တော်ကား ရောင်းချမှုမှာ ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ကြောင်း သိရသည်။

အရောင်းသွက်

အမေရိကန် မော်တော်ကားကုမ္ပဏီကြီး သုံးခုစလုံး အရောင်းကျနေစဉ် ဂျပန်ကားများ ထိုသို့ အရောင်းသွက်လာခြင်းဖြစ်သည်။

အရောင်းကျဆင်း

ဧပြီလ မော်တော်ကား ရောင်းချမှု အခြေအနေမှာ ဂျင်နရယ် မော်တော်ကားကုမ္ပဏီက ၇ ရာခိုင်နှုန်း ကျဆင်းပြီး ခရိုက်စလာ မော်တော်ကားကုမ္ပဏီက ၄ ရာခိုင်နှုန်း အရောင်းကျကာ ဖို့ဒ်ကုမ္ပဏီက ၃ရာခိုင်နှုန်း အရောင်းကျဆင်းကြောင်း သိရသည်။

ရောင်းရသည်

ဧပြီလအတွင်းတွင် အမေရိကန်၌ မော်တော်ကား ရောင်းချမှု ပျမ်းမျှ ၃ ရာခိုင်နှုန်း ကျဆင်းကာ ကားစီးရေ ၁၆ဒသမ ၇သန်းသာ ရောင်းရသည် ဆို၏။

(အင်တာနက်)

ဧရာဝတီတိုင်း လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းလှူဒါန်း တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၆

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၃ ရက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမဥ္စကျင်းပရာ ဧရာဝတီတိုင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီနာယက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က သဘာဝဘေးအန္တရာယ်အလိုက် တွေ့ကြုံရတတ်သော ဆိုးကျိုးများ မြန်မာပြည်အတွင်းနှင့် ဧရာဝတီတိုင်းတို့တွင် ရာသီအလိုက်ဖြစ်လေ့ဖြစ်ထရှိသော မိုးကြိုးမုန်တိုင်းများဖြစ်စဉ်အတွေ့အကြုံပေါ်မူတည်၍ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်များကို ကြိုတင်ရေးဆွဲလုပ်ဆောင်မှု၊ စေတနာရှင်များနှင့်လူမှုရေးအသင်းအဖွဲ့များက တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားစွာဖြင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီမှုတို့ ကိုမှတ်တမ်းတင်ကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ တိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များက လှူဒါန်းသော ဆန်အိတ် ၁၇၈အိတ်နှင့် အဝတ်အစားများကို တိုင်းဦးစီး (ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးတင့်ဆွေကလည်းကောင်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသောငွေကျပ်သိန်း ၂၀ ကို အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်က လည်းကောင်း၊ ဝေါဗီးရှင်းက လှူဒါန်းသောငွေ ကျပ်သိန်း ၆၅၀ ကို တာဝန်ခံဒေါက်တာစောအိုက်ဘင်က လည်းကောင်း မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသောငွေကျပ် ၄၂၈၁၀၀၀ နှင့် ဆန်အိတ် ၄၀၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသောငွေကျပ် ၂၅ သိန်းနှင့် ဆန်အိတ် ၄၀၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ် ၂၂ သိန်းနှင့် ဆန်အိတ် ၄၀၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆန်အိတ် ၅၀၊ ရွှိုင်ရယ်ဂါးဒင်းကုမ္ပဏီက လှူဒါန်းသော ငွေကျပ်သိန်း ၃၀ နှင့် ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်းက လှူဒါန်းသော ဆန်အိတ် ၂၅၀ တို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် တာဝန်ရှိသူများက လည်းကောင်း အသီးသီးပေးအပ် လှူဒါန်းကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ဧရာဝတီတိုင်းအတွင်းရှိ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဝမ်းသာကျေးဇူးတင်

ယင်းနောက် ဧရာဝတီတိုင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ဧရာဝတီတိုင်းအတွင်း သဘာဝဘေးအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသောအလှူငွေနှင့် ပစ္စည်းများကို လေဘေးသင့်အိမ်ထောင်စုများလက်ဝယ်သို့ အမြန်ဆုံးပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုကို ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားကာ လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်လှူဒါန်းနိုင်

ဧရာဝတီတိုင်းအတွင်းရှိ ပင်လယ်ကမ်းခြေဒေသအချို့နှင့် ကုန်းတွင်းပိုင်းဒေသအချို့တို့၌ ဧပြီ ၂၈ ရက်နှင့် ၂၉ ရက်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းအရှိန်ကြောင့် လေပြင်းတိုက်ခတ်မှုနှင့် ရုတ်တရက် ရေကြီးမြင့်မှုမှ အိမ်ထောင်စုတချို့ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရာ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သော ပံ့ပိုးကူညီမှုများကို ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုလှူဒါန်းပွဲတွင် ငွေသားအလှူငွေကျပ် ၁၀၅၅၉၂၀၀၀၊ ဆန်အိတ် ၅၉၈အိတ်၊ အဝတ်အထည်မျိုးစုံ ၃၄၅၀ ဖြစ်ပြီး လှူဒါန်းလိုသူစေတနာရှင်များ အနေဖြင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ဧရာဝတီတိုင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီနာယက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ လေဘေးသင့်အိမ်ထောင်စုများအတွက် ဝေါဗီးရှင်းက လှူဒါန်းသောငွေကျပ်သိန်း ၆၅၀ ကို တာဝန်ခံဒေါက်တာစောအိုက်ဘင် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တောင်သမန်အင်း၊ ဦးပိန်တံတားနှင့်အိုးရောင်းသူများ

မြန်မာ့ပန်းချီဆရာအကျော်အမော်များ၏ အရောင်လှိုင်းပန်းချီပြပွဲကို မေ ၃ ရက်မှ ၉ ရက်အထိ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ပန်းပညာရှင်များအဖွဲ့(ဗဟို)ပန်းချီပြခန်းတွင် ခင်းကျင်းပြသလျက်ရှိရာ တောင်သမန်အင်းနှင့် ဦးပိန်တံတားအလှကို ပန်းချီဆရာဒီပက အခရိုင်းလစ်နည်းဖြင့် အောက်ခြေမြင်ကွင်းအလှကို ဆန်းသစ်သည့်အမြင်ဖြင့် ရေးဆွဲတင်ပြထားသည်။(ဝဲပုံ)**နှင့် ပန်းချီဆရာမင်းညိုမော်၏ လက်ရာ အိုးရောင်းသူများ၏ ဈေးသိမ်းချိန်အမည်ရ ရေဆေးပန်းချီကားကို တွေ့ရစဉ်။** (အပေါ်ပုံ)

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

✱ *ကျောဖုံးမှ*

ယင်းနည်းပညာသည် မိုးကြီး၍ ရေကြီးမှုများ ဖြစ်ပေါ်နိုင်မှုသတင်းအချက်အလက်များကို သိရမည်ဖြစ်၍ အလွန်အရေးကြီးသည့်ကိစ္စဖြစ်ကြောင်း တဲလ်အဗစ်တက္ကသိုလ်မှ ပါမောက္ခ ဟာဂျစ်မက်ဆာယာရွန်က ပြောကြားသည်။

အဆိုပါအဖွဲ့၏ နည်းပညာမှာ မိုလ်ဘိုင်းဖုန်းများ၏ လျှပ်စစ်သံလိုက်ဓာတ်အားသည် မိုးရွာတော့မည့်အခြေအနေဖြစ်ပေါ်လျှင် အားပျော့သွားခြင်းအချက်ကိုဖော်ထုတ် သိရှိခဲ့သည်ဟု ဆိုသည်။ ၎င်းအချက်ကို နေ့စဉ်ရုပ်မြင်သံကြားတွင်မကြည့်မီ လေ့လာသိရှိနိုင်သော နည်းဖြစ်ကြောင်း အဆိုပါ ပါမောက္ခက ပြောကြားသည်။

လိုအပ်ချက်

ယင်းကဲ့သို့ တိုင်းတာမှုများပြုလုပ်ရန်အတွက် အဆိုပါ သုတေသနအဖွဲ့သည် တဲလ်အဗစ်၊ ဟိုင်ဖာနှင့် ဂျေရုဆလင်မြို့များရှိ မိုလ်ဘိုင်းဖုန်းအခြေစိုက်စခန်းများမှ အလိုအလျောက် အချက်အလက်များ စုဆောင်းတင်ပြခဲ့ကြသည်။ (ကိုးကား-အင်တာနက်)

တာမီးဖလူးဆေးများ ပိုမိုထုတ်လုပ်နိုင်တော့မည်

တုပ်ကွေးကာကွယ်ဆေး တာမီးဖလူးဆေးများကို ယခုထုတ်လုပ်နေသည်ထက် ပိုမိုမြန်ဆန်စွာထုတ်လုပ်ရန် နည်းလမ်းသစ်တစ်ရပ်ကို ရှာဖွေတွေ့ရှိ

ထားပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ယင်းဆေးဝါးကို ဈေးနှုန်းသက်သာစွာဖြင့် များများထုတ်လုပ်ပေးနိုင်ခဲ့လျှင် နိုဘယ်လ်ဆုရရှိနိုင်ကြောင်း အီးလီးယက်စ်ဘော်ရေးဆိုသူက ပြောကြားသည်။

မကြာမီ

၎င်းနည်းလမ်းကို မကြာမီအတွင်း လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း အဆိုပါ အမေရိကန်သုတေသနပညာရှင်က ပြောကြားသည်။

တာမီးဖလူးဆေးသည် တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့ဖြစ်ပွားလာဖွယ်ရှိသော တုပ်ကွေးရောဂါအတွက် ပြင်ဆင်မှုများအဖြစ် ရွေးချယ်ထားသောဆေးဖြစ်သည်။

စာအုပ်သန်း၅၀၀

ဆွစ်ဇာလန်ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီရိုချီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော ဒေသများအားကူညီရန်အတွက် ကုသနည်းစနစ်စာအုပ် သန်း ၅၀၀ ပေးအပ်ခဲ့သည်။

ကတိပြု

၎င်းနှင့်အပေါင်းအဖော်ကုမ္ပဏီများက ၂၀၀၇ ခုနှစ်တွင် ကုသရေးလမ်းညွှန်စာအုပ် သန်း ၄၀၀ ထုတ်ပေးရန် ကတိပြုထားကြောင်း သိရသည်။ **(အင်တာနက်)**

ပိခင်ရင်ဝယ်သမီးများပမာ နွေးထွေးလုံခြုံမှုပေးသော အမျိုးသမီးသက်မွေးအတတ်ပညာသင်တန်းကျောင်း

သတင်းမှတ်စု-သန်းသန်းနုနှင့် တင်မာဝင်း၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

အမျိုးသမီးသက်မွေး အတတ်ပညာသင်တန်းကျောင်းနှင့် ပတ်သက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာမြင့်က မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၆

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက် (၁၂)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်ကို ပြည်သူလူထု သိရှိလိုသော ရည်ရွယ်ချက်ဖြင့် လူမှုဝန်ထမ်း ဦးစီးဌာနလက်အောက်ရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ယခုတည်ရှိလျက်ရှိသည့် အမှတ် ၁၈၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်ရှိ အမျိုးသမီးသက်မွေး

အမျိုးသမီး သက်မွေးအတတ်ပညာ သင်တန်းကျောင်းမှ အမျိုးသမီးငယ်များ ပန်းထိုး၊ ဇာထိုး၊ ခန်းဆီး၊ လိုက်ကာစသော ချုပ်လုပ်မှု အတတ်ပညာများ သင်ကြားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အမျိုးသမီးငယ်များ အဝတ်အထည်များ ချုပ်လုပ်ခြင်းဖြင့်လည်း သင်တန်းကျောင်းအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေပေးလျက်ရှိသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အတတ်ပညာသင်ကျောင်းကို ၁၉၆၀ ပြည့်နှစ် ဧပြီ ၁ ရက်မှစတင်၍ ဂေဟာအဖြစ် ဖွင့်လှစ်တည်ထောင်ခဲ့ကာ အသက် ၁၈နှစ်အထက် အမျိုးသမီးများကို ပြုစုပျိုးထောင်ပေးလျက်ရှိခဲ့ပြီး ၁၉၆၇ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် အမျိုးသမီးသက်ကြီးသင်တန်းကျောင်းအဖြစ်ဖွင့်လှစ်ခဲ့သည်။

နွေးထွေးလုံခြုံ

ယခုအခါ ၁၉၉၈ခုနှစ် နိုဝင်ဘာ ၂၁ရက်ရက်နေ့မှစ၍ အမျိုးသမီးသက်မွေးအတတ် ပညာသင်ကျောင်းဟု ပြောင်းလဲခဲ့ပြီး တရားရုံးနှင့် ကလေးသူငယ် တရားရုံးမှ ရောက်ရှိလာသော အသက် ၁၈နှစ်အောက် အမျိုးသမီးငယ်ကလေးများကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ဤကျောင်းရှိအမျိုးသမီးငယ် ၁၂၀မှာမိခင်ရင်ဝယ်ခိုလှုံနေသည့် ရင်ဝယ်သမီးများပမာ နွေးထွေးလုံခြုံမှုရှိလှသည်။

လေ့ကျင့်သင်ကြား

ဤကျောင်းအနေဖြင့် အမျိုးသမီးငယ်လေးများ ဘဝတစ်သက်တာ သိမှတ်စရာများကို အမျိုးသမီးငယ်လေးများအား လေ့ကျင့်ပညာသင်ကြားပေးခြင်း၊ ပညာမတတ်သေးသော အမျိုးသမီးငယ်လေးများအား “အ”သုံးလုံးကို ပထမအဆင့်၊ ဒုတိယအဆင့်၊တတိယအဆင့်ခွဲပြီး သင်ကြားပေးလျက်ရှိသည်။ အသက်မွေးမှု

အမျိုးသမီးငယ်များ လိမ္မာယဉ်ကျေးပြီး အသိဉာဏ်ပညာကြွယ်ဝစေရန် ဤသို့ စာသင်ကြားပေးလျက်ရှိသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အမျိုးသမီး သက်မွေးအတတ်ပညာသင်တန်းကျောင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပညာရပ်များအနေဖြင့် စက်ချုပ်သင်တန်း၊ ရက်ကန်းသင်တန်း၊ စက်ပန်းထိုး သင်တန်းနှင့် လူမှုအဖွဲ့အစည်း အမြင်နားလည်စေရန် အမျိုးသမီးရေးရာ ဟောပြောပွဲများ ပို့ချပေးလျက်ရှိသည်။

ကျန်းမာရေး

အမျိုးသမီး ငယ်လေးများအား လုပ်အားတန်ဖိုး၊ ငွေတန်ဖိုးသိရှိနိုင်စေရန်အတွက် အဝတ်လျှော်လုပ်ငန်း၊ မီးပူတိုက်လုပ်ငန်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။ ၎င်းတို့မှရရှိသော လုပ်အားခငွေ၏ တစ်ဝက်ကို ငွေစုသော အလေ့ရရှိရန် ငွေစုဘဏ်တွင် စုပေးသည်။ အမျိုးသမီးငယ်လေးများ၏ ကျန်းမာရေးအတွက် ဌာနဆိုင်ရာဆရာဝန်မှ အပတ်စဉ်လာရောက်ကြည့်ရှုစစ်ဆေးပေးလျက်ရှိကာ တိုတယ်ကုမ္ပဏီကလည်း ပံ့ပိုးကူညီလျက်ရှိသည်။

လေ့လာရေးခရီး

အမျိုးသမီးငယ်လေးများ စိတ်အပန်းပြေစေရန်နှင့် ပြင်ပဗဟုသုတများရရှိစေရန် စနေ၊ တနင်္ဂနွေနားရက်များတွင် ပြင်ပလေ့လာရေးခရီးစဉ်များကို ပို့ဆောင်ပေးလျက်ရှိသည်။ ကျောင်းမှ အမျိုးသမီးငယ်လေးများ၏ လက်မှုအတတ်ပညာစွမ်းရည်များဖြင့် လုပ်ဆောင်သည့် မွေ့ရာ၊ ခေါင်းအုံး၊ ကူရှင်၊ လိုက်ကာ၊ ခန်းဆီးစ၊ လွယ်အိတ်အသုံးအဆောင် အမျိုးမျိုးတို့ကို ကျောင်းအရောင်းခန်းမတွင် အများပြည်သူတို့အား ရောင်းချပေးလျက်ရှိသည်။

ပူးပေါင်းပါဝင်

သင်တန်းကျောင်းအနေဖြင့် အမျိုးသမီးငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တစိတ်ဓာတ်များ ခိုင်မာစေရန် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ **“အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းစို့”** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများကလည်း လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရပါမည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၇-၅-၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ အရေးပြိုင်ပွဲ
၈း၂၀ ၇။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၁း၅၅ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **“မိတော”** ခန့်စည်သူ၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-မောင်နန္ဒ)
၁၃း၅၀ ၆။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ
၁၄း၀၀ ၇။ အတီးပြိုင်ပွဲ
၁၄း၁၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
၁၄း၂၀ ၉။ အဆိုပြိုင်ပွဲ
၁၄း၃၀ ၁၀။ **“အားနာလိုက်တာ”** မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၄း၄၀ ၁၁။ အကပြိုင်ပွဲ
၁၄း၄၅ ၁၂။ International News
၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၆။ ညနေခင်းသတင်း
၁၈း၃၀ ၇။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၈။ Discovery
၁၈း၄၅ ၉။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၈း၅၅ ၁၀။ ဖွံ့ဖြိုးဝေဆာ နားခံစံပြကျေးရွာ
၁၉း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ကံကောင်းခြင်းအိပ်မက်”** (အပိုင်း-၁၂)
၂၀း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”**(အပိုင်း-၄၂)
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

7-5 (07).p65 1 1/5/32, 11:59 PM

● ကျောဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နောင်ချိုရိပ်သာ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ လုပ်ငန်းတာဝန်များ ပိုမိုကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ပင်လယ်ရေမျက်နှာပြင် အထက် ၂၅၇၉ပေ၌ တည်ရှိသော ကျောက်မဲမြို့နယ် အေးရှားဝေါလ်ကုမ္ပဏီ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်လွင်က ကျောက်မဲခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် မျိုးစုဆောင်းထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဒေါ်နန်းကြာလီက တိုးဂိတ်သို့ မော်တော်ယာဉ်များ ဝင်ထွက်သွားလာမှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကွင်းဆင်းစိစစ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သက်ဆိုင်ရာများ၏ တင်ပြသည့် ကိန်းဂဏန်းနှင့်လက်တွေ့ဆောင်ရွက်ထားရှိမှု ကိုက်ညီမှုရှိမရှိ ကွင်းဆင်းစိစစ်ပြီးမှသာ တင်ပြချက် ပြည့်စုံမှန်ကန်မည်ဖြစ်ကြောင်း၊ တင်ပြသည့် ကိန်းဂဏန်း မှန်ကန်ကိုက်ညီမှု ရှိမရှိကိုလည်း တာဝန်ရှိသူများက အဆင့်ဆင့်စစ်ဆေး ကြပ်မတ်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် အေးရှားဝေါလ်ကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဒေါ်နန်းကြာလီက မန္တလေး-လားရှိုးလမ်း မိုင်တိုင်(၄၇/၄)မှ(၁၂၃)အထိ ကတ္တရာခင်းမှု၊ တံတားများတည်ဆောက်မှုနှင့် လမ်းဖြတ်သန်းခ ကောက်ခံနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအခါ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ ပြည်ထောင်စုလမ်းမကြီးများနှင့် ဒေသဖွံ့ဖြိုးရေးလမ်းများကို အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိကြောင်း၊ ကုမ္ပဏီများကလည်း လမ်းများကို အဆင့်မီအောင် ပြုပြင်ထိန်းသိမ်းပေးရန်နှင့် တံတားများကို အချိန်မီပြီးစီးအောင် တည်ဆောက်ရန်၊ လမ်းများအဆက်အသွယ်ပြတ်တောက်မှု၊ ပိတ်ဆို့မှုများမရှိစေရေးဆောင်ရွက်ရန် မှာကြားသည်။

ကျောက်မဲခရိုင်တွင် တိုင်းရင်းသားပြည်သူများ ရှစ်သိန်းခန့်နေထိုင်လျက်ရှိပြီး မိုးစပါးအနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် လယ် ၈၄၉၈၄ဧကေ၊ ယာ ၄၈၉၁၂ဧက စိုက်ပျိုးခဲ့ကြောင်း၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် လယ် ၈၅၁၃၄ ဧကလျာထားခဲ့ရာ ၈၅၅၃၀ဧကစိုက်ပျိုးခဲ့ပြီး မိုးစပါး ၉၅၅၃၄၂၅တင်း ထွက်ရှိခဲ့ကြောင်း၊ ယာစပါးအနေဖြင့် ၄၇၈၉၆ဧက လျာထားခဲ့ရာ ၄၇၉၉၈ ဧကစိုက်ပျိုးခဲ့ပြီး ယာစပါး ၂၉၅၈၉၅၃ တင်းထွက်ရှိခဲ့ကြောင်း၊ မိုးစပါးကုန်းမြင့်ယာမြေအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၂၉၇၂၅ဧက၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၃၀၀၄၄ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါး ၁၅၀၁၀၁၆တင်း ထွက်ရှိခဲ့ကြောင်း။

လျာထားစိုက်ပျိုး

ကျောက်မဲခရိုင်တွင် နွေစပါးအနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၄၇၂၈ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် စီမံကိန်းဧက ၄၈၀၀ သတ်မှတ်ခဲ့ရာ ဒေသလျာထားချက်အဖြစ် ဧက ၅၂၀၀ တိုးမြှင့်လျာထား စိုက်ပျိုးခဲ့ကာ နွေစပါး ၆၈၄၁၁၃ တင်းထွက်ရှိခဲ့ကြောင်း၊ ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၁၂၃ဒသမ၆၄ ရာခိုင်နှုန်းဖြစ်ကြောင်း။

ကျောက်မဲခရိုင်တွင် ၂၀၀၅-၂၀၀၆ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၃၀၀၀၀စိုက်ပျိုးရန်လျာထားခဲ့ရာ ၈၃၄၁ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မျိုးစုဆောင်းမှုမှာ အစေ့ ၂၄တင်း၊ အကိုင်း ၄၁၈၆၀၀နှင့်အပင်ပေါက် ၄၆၅၀၀စုဆောင်းပြီးဖြစ်ပြီး ပျိုးထောင်ထားရှိမှုမှာ အစေ့ ၉၁၁၈၀၀၊ အကိုင်း ၂၀၁၅၈၄၀၊ အပင်ပေါက် ၄၂၂၉၄၆ပင် ပျိုးထောင်ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၏ သီပေါမြို့ အထွက်ရှိ မိုင်တိုင်(၁၃၀/၄)မိုင်၌ ပေ ၄၇၀ရှိ သီပေါတံတားကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား တံတားကြီး ရေရှည်ကြံ့ခိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စဥ့်အင်ရွာအနီး မိုင်တိုင် (၁၅၀/၀) မိုင်၌ နမ့်မချောင်းကို ဖြတ်၍ပြုပြင်တည်ဆောက်ဆဲ စဥ့်အင်တံတားသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြပြီး တံတားတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် စဥ့်အင်တံတားဟောင်း ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

စဥ့်အင်တံတား

အဆိုပါ စဥ့်အင်တံတားကို ကွန်ကရစ်(၄၄ပေ X လေးခန်း)နှင့် သံပေါင်ပေ ၁၂၀ စုစုပေါင်း ၂၉၆ပေ ရှည်တံတားအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိတ္ထီလာစက်မှုဇုန်တွင် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရေး နိုင်ငံတော်အပေါ်သစ္စာစောင့်သိ ပေးအပ်လာသောတာဝန်များ ပြီးမြောက်အောင်ထမ်းဆောင်

ရန်ကုန် မေ ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် မေ ၅ရက်နံနက်ပိုင်းက မိတ္ထီလာရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့ရောက်ရှိပြီး ပင်မခန်းမ၌ ကျောင်းအုပ်ကြီးဦးသိန်းဆွေက ကျောင်း၏ ရည်မှန်းချက်တာဝန်များ၊ ဖွဲ့စည်းပုံနှင့် အရာထမ်းအမှုထမ်းအင်အား၊ ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၊ နည်းပြဝန်ထမ်းများ အရည်အချင်း မြင့်မားရေးအတွက် ဆောင်ရွက်မှုအခြေအနေနှင့် သင်တန်းသားများ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများ၏အရည်အသွေးမြင့်မားစေရေးအတွက် သင်ကြားပို့ချပေးရသော ကျောင်းဖြစ်သည်နှင့်အညီ စည်းကမ်း၊ လုပ်ရည်ကိုင်ရည်စံနမူနာပြဖြစ်စေရေး၊ ကျောင်း၏ဂုဏ်သိက္ခာနှင့် အရည်အသွေးမြင့်မားလာစေရေးအတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ နည်းပြဝန်ထမ်းများအနေဖြင့် တိုးတက်နေသော နည်းပညာရပ်များကို မပြတ်လေ့လာပြီး ထူးချွန်သောသင်တန်းသားများ မွေးထုတ်နိုင်ရေးတို့ကို မှာကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ ဝန်ကြီးသည် သက်သာချောင်ချိရေးစပျစ်စိုက်ခင်းကို ကြည့်ရှုသည်။

ဦးထိပ်ပန်ဆင်

ထိုမှတစ်ဆင့် ဝန်ကြီးသည် အောင်ဆန်းခန်းမသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ သင်တန်းသားများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ဝန်ထမ်းကောင်းများဖြစ်ရေးအတွက် နိုင်ငံတော်အပေါ် သစ္စာကိုစောင့်သိရန်၊ နိုင်ငံတော်ကပေးအပ်လာသည့် တာဝန်များကို ကျရာအခန်းကဏ္ဍက ပြီးမြောက်အောင် ထမ်းဆောင်ကြရန်၊ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျောင်းပင်မဆောင်သို့ ဆက်လက်ရောက်ရှိပြီး ရထားထိန်းအခြေခံသင်တန်း၊ စက်ခေါင်းမောင်း ဥာဏ်သစ်လောင်းသင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ(၃) သံလမ်းဥာဏ်သစ်လောင်းသင်တန်း၊ ကွန်ပျူတာ အခြေခံသင်တန်း၊ ကွန်ပျူတာပံ့ဆွဲ(ဝန်ထမ်းမွမ်းမံ)သင်တန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိုင်အမ်ဘီအေနှစ်တစ်ရာပြည့် စည်ကားစွာ ကျင်းပမည်

ရန်ကုန် မေ ၆

၁၉၀၆ ခုနှစ် မေ၁၀ ရက်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)သည် ၂၀၀၆ခုနှစ် မေ ၁၀ရက်တွင် နှစ်တစ်ရာတိတိ ပြည့်မြောက်မည်ဖြစ်ရာ မေ၉ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌လည်းကောင်း၊ မေ ၁၀ရက်တွင် ရန်ကုန်မြို့ အမှတ်(၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ) အသင်းတိုက်၌လည်းကောင်း နှစ်တစ်ရာပြည့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နှစ်တစ်ရာပြည့် ကာလအတွင်း သမိုင်းဝင်အထောက်အထားပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို ရန်ကုန်မြို့ အမှတ်(၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)ခန်းမ၌ ခင်းကျင်းပြသထားမည်ဖြစ်ရာ မေ၁၁ရက်၊ ၁၂ရက် နှင့် ၁၃ရက်များတွင် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ မည်သူမဆို အခမဲ့ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ **ကျောဖုံးမှ**

မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်လွှာပေးပို့သူ ၁၃ဦးတို့မှာ ဦးခင်ဌေး (ဥက္ကဋ္ဌ၊ မဘိမ်းမြို့)၊ ဦးပွဲမောင် (ဘဏ္ဍာရေးမှူး၊ မဘိမ်းမြို့)၊ ဦးလှသော် (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဦးသန်းဖေ (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဒေါ်ငြိမ်းရင် (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဦးမြမောင် (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဦးဘထွန်း (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဦးမောင်ဇော် (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဦးမောင်နီ (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဦးစိန်လင်း (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဦးထွန်းရင် (အဖွဲ့ဝင်၊ မဘိမ်းမြို့)၊ ဦးအောင်ဖေ (အဖွဲ့ဝင်၊ မဘိမ်းမြို့)နှင့် ဦးသန်းလွင်ဦး (အဖွဲ့ဝင်၊ မဘိမ်းမြို့)တို့ ဖြစ်ကြသည်။

မဘိမ်းမြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့ခဲ့သော အဆိုပါ မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်၁၃ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၀၂ခုနှစ် မတ်၂၅ရက်တွင် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီဝင်အဖြစ် ရပ်တည်စဉ်ကပင် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်ကာ ဒေသခံပြည်သူ လူထု၏ အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ တစ်ဆက်တည်း ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှု အနေအထားမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်လျက်ရှိပြီး ကောင်းမြတ်သော အကျိုးရလဒ်များ ထွက်ပေါ်မလာဘဲ ပါတီဝင်များအချင်းချင်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ စိတ်ဝမ်းကွဲပြားမှုများနှင့်အတူ ပါတီတွင်း ဂိုဏ်းဂဏများ ကွဲပြားလျက်ရှိနေသည်ကိုတွေ့ လာရကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နိုင်ရန် ပါတီတွင်းလမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုမရရှိသဖြင့် ၎င်းတို့သည် ပြည်သူလူထုနှင့်ကင်းကွာလာပြီး သီးခြားအဖွဲ့တစ်ခုသဖွယ်ဖြစ်လာကာ ရပ်ရွာအကျိုးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိဘဲ အထီးကျန် သီးခြားလူတန်းစားတစ်ရပ်အသွင် ဖြစ်လာကြောင်း။

ပါတီအနေဖြင့်လည်း ပြည်တွင်း အင်အားကိုအလေးမထားဘဲ ပြည်ပအားကိုသာ အလေးထားဆက်သွယ်ဆောင်ရွက်နေခြင်းများတွေ့ရှိရသဖြင့်လည်းကောင်း၊ လက်ရှိနိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းနေမှုများကိုသိမြင်ပါလျက် မသိကျိုးကျွန်ပြု၍ အဆိုးမြင်ဝါဒစွဲကိုင်ကာ အပြစ်သဘောဝေဖန်ပြောဆိုနေမှုများကိုလည်းကောင်း ၎င်းတို့အနေဖြင့်လက်ခံနိုင်ခြင်းမရှိတော့ကြောင်း။

၎င်းတို့သည်လက်ရှိ တိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ် အကျိုးပြုသော သန့်စင်မွန်မြတ်သည့် ရပ်တည်မှုကိုလိုလားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အမျိုးသားညီလာခံကို ထောက်ခံသွားမည်ဖြစ်သဖြင့် နိုင်ငံရေးလှေကြုံစီးရန် ကြံရွယ်လျက်ရှိသော လူတစ်စုနှင့် လက်တွဲရန်မလိုတော့သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ နုတ်ထွက်ခြင်းဖြစ်ကြောင်းနှင့် မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို မေ၁ရက်မှစတင်၍ ပိတ်သိမ်းပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပါတီဝင်၂၁ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာ ယခုအခါ ဥက္ကဋ္ဌ ဦးခင်ဌေးအပါအဝင် ပါတီဝင်၁၃ဦးတို့သည် ၎င်းတို့ကိုယ်တိုင်၏ ဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုး၍ NLDပါတီမှ နုတ်ထွက်သွားခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌ(၁) ဦးဉာဏ်ရှိန် (ဘဟဲရွာ မိုးမိတ်မြို့)နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးညိုမှိုင်း (ရပ်ကွက်(၁) မိုးမိတ်မြို့)တို့နှစ်ဦးတို့သည် အခြားဒေသတွင် ရောက်ရှိနေကာ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်သည် ပြစ်ဒဏ်ကျခံနေရကြောင်း၊ အတွင်းရေးမှူး ဦးအောင်ဗိုလ်၊ အဖွဲ့ဝင် ဦးမောင်ဝင်း၊ အဖွဲ့ဝင် ဦးခင်မောင်ထိန်၊ အဖွဲ့ဝင် ဦးမောင်ငယ်နှင့် အဖွဲ့ဝင် ဦးမြင့်ဦးတို့ ငါးဦးတို့သည် ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

သတ်မှတ်ကာလ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့် အတူ မော်လိုက်မြို့နယ်ရှိ သမဝါယမအသင်းများ၏ ရော်ဘာပင်နှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားသည့် ပျိုးဥယျာဉ်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း စိုက်ပျိုးနိုင်ရေးမှာကြားသည်။

အဆိုပါ ပျိုးဥယျာဉ်တို့၌ ရော်ဘာမျိုးစေ့ ၂၀၀၀၀နှင့် ခြံစည်းရိုးကြက်ဆူပင် တစ်သောင်းတို့ကို ပျိုးထောင်ထားရှိပြီး ယခုနှစ်တွင် စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ရှိ ကြက်ဆူပင် ပျိုးဥယျာဉ်ကို သွားရောက်

ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

နှစ်ရှည်သီးနှံ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်လိုက်မြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကြက်ဆူပင်နှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

သံဖိုချောင်းတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မော်လိုက်-ကလေးဝ လမ်းဆုံသို့ ရောက်ရှိ၍ မော်လိုက်-ကလေးဝ လမ်းအတိုင်း ထွက်ခွာခဲ့ကြရာ မိုင်တိုင်အမှတ် (၃၃/၅)နှင့် (၃၃/၆) အကြားရှိ သံဖိုချောင်းတံတား ဆောက်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါတံတားသည် အရှည်ပေ ၁၅၀ရှိပြီး ဘေလီတံတား အမျိုးအစားဖြစ်ကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၁၀)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၄၅မိနစ်တွင် မန်ဖာလေးချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မန်ဖာလေးချောင်းတံတားကို မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်အေးနှင့် ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါတံတားသည် အရှည်၁၄၃ ပေရှိပြီး မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကလေးဝ မြို့နယ် နန်းဇလိမ်ကျေးရွာ အနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး နန်းဇလိမ်ကျေးရွာမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အတွက် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့်ကျောင်းသုံးစာအုပ်များကို ပေးအပ်လှူဒါန်းရာ မူလတန်းပြ ဆရာမ ဒေါ်စောမြသန်းက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၄၅ မိနစ်တွင် ဝါးနက်ချောင်း တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်နှင့် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အေးဆန်းတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တံတားသည် အရှည်ပေ ၁၀၀ရှိပြီးနယ်မြေခံတပ်နယ်က တာဝန်ယူ ဆောက်လုပ်ခြင်းဖြစ်သည်။

သဖန်းချောင်းတံတား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၁၆/၇)နှင့် (၁၇/၀)အကြားရှိ သဖန်းချောင်း တံတားတည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် အရှည်ပေ ၂၀၀ရှိပြီး ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် လိပ်ပုတ်ချောင်းတံတား ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ကလေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါတံတားသည် အရှည် ၁၀၈ပေရှိပြီး ကလေးတပ်နယ်က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၁၆/၂)ရှိ ငမောင်ကြီးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားကာ တံတားတည်ဆောက်ရေးလုပ်ငန်းတွင် ဆောင်ရွက်လျက်ရှိသည့် ယန္တရားမောင်းစက်သည်အား ဂုဏ်ပြုဆုငွေကို ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် လဟော်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်နှင့် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအေးဆန်းတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြိမ်ချောင်းတံတား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ မိနစ် ၄၀တွင် ကြိမ်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးမြင့်အေးနှင့် ကလေးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာမှူး ဦးစောဟန်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ကလေးဝမြို့နယ် နတ်မော်ကဲကျေးရွာရှိ မော်လိုက်-ကလေးဝ လမ်းတံတား ဆောက်လုပ်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အေးဆန်းက တံတား၊ ရေပြွန်၊ ရေကျော်များဆောက်လုပ်ပြီးစီးမှုနှင့် ကျောက်လမ်းခင်းခြင်း ပြီးစီးမှုလုပ်ငန်း အခြေအနေများကို တင်ပြရာ တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မော်လိုက်-ကလေးဝလမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် မိုးကာလမရောက်မီ ဆောင်ရွက်ရန် မှာကြားသည်။

ရေအေးချောင်းတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ရေအေးချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့်ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်-ကလေးဝလမ်း၏ မြေသားတမံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အဆိုပါတံတားသည် အရှည် ၇၅ ပေရှိပြီး ကလေးတပ်နယ်က တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မော်လိုက်-ကလေးဝလမ်း မိုင်တိုင်အမှတ် (၈/၃)နှင့် (၈/၄)ကြား၌ တမံတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မြေသားတမံနှင့် ကားလမ်း တည်ဆောက်ရေးတွင် ဆောင်ရွက်ကြသူများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ကလေးဝမှ မော်လိုက်သို့ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းမှ သွားပါက ကလေးဝ-ကျီကုန်း-စော်ဘွားရေရှင်-မော်လိုက်ခရီးအတိုင်း အကွာအဝေး ၇၆မိုင် ၅ဖာလုံဖြစ်သည်။ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းမှ သွားပါက ကလေးဝ-သက္ကယ်ကျင်း-သနန်းတော-မော်လိုက်လမ်းကြောင်း အတိုင်းဖြစ်ပြီး အကွာအဝေး ၇၇မိုင်ဖြစ်သည်။ ယခုဖောက်လုပ်သော ကလေးဝ-မော်လိုက်လမ်းသစ်မှာ ၃၆ မိုင်သာရှိသဖြင့် ခရီးအကွာအဝေး မိုင် ၄၀နှင့် ငါးဖာလုံ လျော့နည်း သက်သာသွားသောကြောင့် အချိန်ကုန်သက်သာ၍ လျင်မြန်လွယ်ကူစွာသွားလာနိုင်မည်ဖြစ်သည်။

အကျိုးကျေးဇူး

၎င်းလမ်း ဖောက်လုပ်ပြီးစီးသောကြောင့် မော်လိုက်နှင့် ကလေးဝမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာပေါင်း ၃၀ရှိ အိမ်ခြေ ၂၁၆၃လုံး၊ လူဦးရေ ၁၃၄၀၇ဦးတို့သည် ယခင်က ရေလမ်းခရီးကိုသာ အသုံးပြုနေရာမှ ယခုအခါ လွယ်လင့်တကူ အချိန်တိုအတွင်း မော်တော်ယာဉ်ဖြင့် သွားလာနိုင်သော အကျိုးကျေးဇူးများကို ရရှိခံစားရမည် ဖြစ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ် (၁၁၄/၃) အနီး၌ ကျင်းပသည့် ကလေးဝမြို့နယ် ကျော်ဇင်ကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၈၇/၀)ရှိ မင်းကင်းမြို့နယ် ကြာပင်ကျေးရွာအုပ်စု၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်မှုနှင့် စိုက်ပျိုးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ညနေပိုင်းတွင် ကနီမြို့နယ် လာပို့ကျေးရွာ၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်များကို လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် လေဘေးသင့်အိမ်ထောင်စုများအား တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းအလှူငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် မေ ၆

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍ အလှူငွေနှင့်ထောက်ပံ့ ပစ္စည်းများလက်ခံသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းက လေဘေးသင့် အိမ်ထောင်စုဝင်များအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ လှူဒါန်းကြသည့် အလှူရှင်များနှင့် အဖွဲ့အစည်းများအား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် လေဘေးသင့်အိမ်ထောင်စုဝင်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ငွေကျပ် ၁၁၅ သိန်း တန်ဖိုးရှိထောက်ပံ့ ပစ္စည်းများ၊ World Vision မှ ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၁၇၅သိန်း၊ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အပိုင်း(၂/၃/၄)နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ဆီလုပ်ငန်းရှင်များက ငွေကျပ်ငါးသိန်းစီ၊ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အပိုင်း(၁)နှင့် ဒေါ်ထားထားမြင့်မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးကျော်ရွှေ (လှိုင်ရတနာထွန်း) အိမ်ခြံမြေ ရောင်းဝယ်ရေးက ငွေကျပ် တစ်သိန်းနှင့် လှိုင်သာယာမြို့နယ် အမှတ်(၁၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း စုစုပေါင်း ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ် ၃၀၇၅၀၀၀၀ကိုတိုင်းမှူးထံပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်သာယာမြို့နယ်လေဘေးသင့် အိမ်ထောင်စုများအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့အထိ ထောက်ပံ့ငွေကျပ်၁၈၄၉၆၆၄၅နှင့် ငွေကျပ် ၄၅၀၉၅၇၅၀တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို လက်ခံရရှိထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီးဦးမောင်မြင့်ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာ-လာအိုဗဟိုအဆင့်နယ်စပ်အာဏာပိုင်များအစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် မေ ၇

မြန်မာ-လာအိုဗဟိုအဆင့် နယ်စပ်အာဏာပိုင်များအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို မေ ၄ရက်တွင် တာချီလိတ်မြို့၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်၍ တက်ရောက်ခဲ့ပြီး လာအိုကိုယ်စားလှယ်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဖုန်ဆာဗတ်ဘိုဖာခေါင်းဆောင်၍ တက်ရောက်ခဲ့သည်။

အမြင်ချင်းဖလှယ်

ညှိနှိုင်းအစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုရှိရေး၊ နယ်စပ်စစ်ဆေးရေးစခန်းများကိစ္စ၊ မဲခေါင်မြစ်ကြောင်းသွားလာရေးနှင့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး ၂၀၀၅ခုနှစ် အောက်တိုဘာလက ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည့် မြန်မာ-လာအို ဗဟိုအဆင့်နယ်စပ် အာဏာပိုင်များအဖွဲ့၏ ပဉ္စမအကြိမ် အစည်းအဝေး သဘောတူညီချက်မှတ်တမ်းပါအချက်အလက်များ အကောင်အထည်ဖော်မှု အခြေအနေများကိုလည်း ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

လွှဲပြောင်းပေးအပ်

ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ရက်တွင်ပင် လာအိုဒုတိယနိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ တာချီလိတ်မြို့နယ်ရှိ ဝမ်ပုံမှတစ်ဆင့် လာအိုနိုင်ငံဘက်သို့ လာအို ကိုယ်စားလှယ်အဖွဲ့နှင့်အတူ သွားရောက်ခဲ့ပြီး လာအိုနိုင်ငံ ဘိုကီယိုပြည်နယ်၌ မြန်မာနိုင်ငံ၏ ကူညီမှုဖြင့် တည်ဆောက်ထားသော တုန်ဖန်းဆည်နှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတို့သို့ သွားရောက် ကြည့်ရှုလေ့လာကြ၍ စိုက်ပျိုးရေးခြံအတွက် သီးနှံမျိုးစေ့များကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဘိုကီယိုပြည်နယ်၏ မြို့တော်ဟွေဆိုင်း၌ ညအိပ်ရပ်နားကာ မေ ၅ရက်တွင် တာချီလိတ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

(သတင်းစဉ်)

နှစ်တစ်ရာပြည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း

၁၉၀၆ခုနှစ် မေလ၁၀ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)သည် နှစ်ပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်ပေသည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးမှ "ပင်ထီးပင်ညောင်၊ မြစ်တစ်ထောင်နှင့် မြားမြောင်ခက်လက်၊ ဖြာကာထွက်ခဲ့" ဆိုသည့်အတိုင်း အသင်းအဖွဲ့မြောက်မြားစွာတို့ ဆင့်ပွား ပေါ်ပေါက်လာခဲ့လင့်ကစား အခြားအသင်းအဖွဲ့အားလုံးတို့ ချုပ်ငြိမ်းခဲ့ကြရသော်လည်း ဤအသင်းကြီးမှာမူ ယနေ့ထက်တိုင်အောင် ဆက်လက်ရှင်သန်နေနိုင်သော အကြောင်းခံတရားမှာ အမျိုးသားရေးကိုသာ ဦးထိပ်ထားသောကြောင့်ဖြစ်ပေသည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတိုးတက်တည်မြဲရေးဆိုသည့် အသင်း၏ဦးတည်ချက်မှာ အပြစ်အနာအဆာ ကင်းရှင်းပြီး စေတနာသန့်စင်လွန်းပေသည်။

အသင်းကြီးကို စတင်တည်ထောင်စဉ်က သူ့ကျွန်ဘဝသို့ လုံးလုံးလျားလျား ကျရောက်ခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော်ခန့် ရှိပြီဖြစ်သည်။ ထို့ကြောင့် အသင်းကြီးသည် လွတ်လပ်ရေးကို လိုလားသည်။ လူမျိုးရေး၊ ဘာသာရေး၊ သာသနာရေးနှင့် ပညာရေးတို့တွင် ဖိနှိပ်ခံရသည်ကို လားလားမျှမနှစ်ခြိုက်။ လူငယ်တွေ နိုးကြားစေချင်သည်။ ထို့ကြောင့်လည်း "လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေက" ဖြစ်ခဲ့သည်။ အသင်းကြီးဖွဲ့စည်းပြီး ၄၂နှစ်အကြာမှာ လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးရပြီးသည့်နောက်တွင် နိုင်ငံရေးလုပ်ငန်းကို လုံးဝစွန့်ပယ်၍ အမျိုးသားရေးကိုသာ အားသွန်ခွန်စိုက် ဆက်လက်လုပ်ကိုင်ခဲ့ပေသည်။

အမျိုးကိုချစ်ပါ ဆိုသည်မှာ မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်မရှိလျှင် နိုင်ငံနှင့်လူမျိုးပျောက်ကွယ်သွားမည်ဖြစ်သည်။ အမျိုးဆိုသည်မှာ ရှေးပဝေသဏီကပင် အေးအတူပူအမျှ စုပေါင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်များပြားသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် မြန်မာနိုင်ငံ၏ အမျိုးသားရေးပင် ဖြစ်ပေသည်။

ဘာသာကိုလေးစားပါ ဆိုသည်မှာ ဘာသာစကားကို ဆိုလိုရင်းဖြစ်သည်။ သူ့ခေတ် သူ့အခါအလျောက် နယ်ချဲ့တို့၏ ဘာသာစကားက လွှမ်းမိုးလာသဖြင့် အသင်းကြီးက ဤဦးတည်ချက်ကို ချမှတ်ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပေသည်။

သာသနာကိုချီးမြှင့်ပါဟု ကြွေးကြော်ခဲ့ရခြင်းမှာလည်း နယ်ချဲ့တို့က သာသနာကို စော်ကားခဲ့၍ ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့တို့သည် ရန်ကုန်မြို့ကို စတင်သိမ်းပိုက်ခဲ့သည့် ၁၈၂၄ခုနှစ်ကစ၍ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကုန်းတော်တစ်ခုလုံးကို သိမ်းပိုက်၍ ခံတပ်ဆောက်လုပ်ပြီး တပ်စွဲခဲ့သည်။ ခဲယမ်းတိုက်များလည်း တည်ဆောက်ခဲ့သည်။ ဘုရားရင်ပြင်တော်ပေါ်သို့ ဖိနပ်စီးပြီး တက်ရောက်ခဲ့ကြသည်။

၁၉၁၈ခုနှစ်တွင် ဘုရားရင်ပြင်တော်ပေါ် ဖိနပ်မစီးရေးကိစ္စ ရှေ့တန်းရောက်လာသည်။ ထိုစဉ်က ဘုရားစေတီများတွင် ဥရောပသားများမှအပ ဖိနပ်မစီးရဟု ဆိုင်းဘုတ်တပ်ခဲ့ရသည်မှာ နာကြည်းဖွယ် ကောင်းလှပေသည်။ ထိုဆိုင်းဘုတ်ကိုဖြုတ်၍ မည်သူမျှ ဖိနပ်မစီးရဟု ရေးဝံ့သူမှာ တရားသူကြီး ဦးသိမ်းမောင်ဖြစ်ကြောင်း သိရသည်။ ၁၉၃၀ပြည့်နှစ်တွင် ပဲခူးငလျင်ဒဏ်ကြောင့် ရွှေမော်ဓောစေတီတော်ကြီး၏ ငှက်ပျောဖူးမှာ ရင်ပြင်တော်ပေါ်သို့ ခခဲ့ရာ ဘုရင်ခံကရက်ဒေါက်က ကုန်းတော်ပေါ်သို့ ဖိနပ်စီးပြီး တက်ရောက်ကြည့်ရှုခဲ့သည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ အကျိုးဆောင်(အတွင်းရေးမှူး)ဦးသိမ်းမောင်က ရန်ကုန်မြို့ ဂျူဗလီခန်းမကြီး၌ လူထုအစည်းအဝေးကြီးခေါ်ကာ ကန့်ကွက်ခဲ့သည်။ ထိုအချိန်မှစ၍ ဘုရားပေါ် ဖိနပ်စီးသည့်ပြဿနာကို ဗြိတိသျှတို့ အလျှော့ပေးခဲ့ရသည်။

မျိုးသာခင်

အမျိုးသားပညာရေးနှင့် ပတ်သက်၍ အသင်းကြီး၏ ကိုယ်စားလှယ်များဖြစ်ကြသော ဦးဘဖေ၊ ဦးဖေနှင့် ဦးစုတို့ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့သည် ၁၉၂၇ခုနှစ်တွင် အတွင်းဝန်မွန်တေဂူထံ မြန်မာနိုင်ငံအတွက် အချက်ကိုးချက်ကိုတောင်းဆိုရန် အိန္ဒိယသို့သွားရောက်ခဲ့ကြရာ အဆိုပါ အချက်ကိုးချက်အနက် တစ်ချက်မှာ မြန်မာနိုင်ငံတွင် အဆင့်အတန်းမီ တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန် ဖြစ်ပေသည်။ ယခုလည်း အသင်းကြီးသည် အခြေခံပညာအထက်တန်းအဆင့်၌ ဘာသာစုံအမှတ် အများဆုံးဖြင့် အောင်မြင်ကြသော ကျောင်းသားများနှင့် ပင်ရင်းမြန်မာစာ ဘာသာတွင် အမှတ်အများဆုံးရရှိသော ကျောင်းသားများကို ဆုချီးမြှင့်လျက် ရှိပေသည်။

အသင်းကြီးသည် ကျောင်းသားလူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေးအတွက် ၃၈ဖြာ မင်္ဂလာတရားတော်နှင့် ပတ်သက်၍ နှစ်စဉ် စာမေးပွဲများကျင်းပပေးပြီး မင်္ဂလာလူရည်ချွန်ဆုနှင်းသဘင်ကို ကျင်းပပေးလျက်ရှိရာ ယခုအခါ (၅၇)ကြိမ်မြောက်တော့ပေမည်။ ထို့အပြင် ၁၉၆၇ခုနှစ်မှစ၍ အဘိဓမ္မာသင်တန်းများကို ဖွင့်လှစ်ပြီး နှစ်စဉ်စာမေးပွဲများ ကျင်းပကာ ဆုများချီးမြှင့်လျက် ရှိပေသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ နှစ်ခြောက်ဆယ်ပြည့်စာစောင်တွင် ဆာမောင်ကြီးက **"ဤအသင်းကြီးကို ၁၉၀၆ခုနှစ်မှ အစပြုကာ ကျွန်တော်နှင့်တကွသောလူငယ်များ စုပေါင်းကြ၍ နိုင်ငံခြားမှ သွတ်သွင်းလာသော စည်သွတ်ဝါဒများကို ဖယ်ရှားပြီးလျှင် အမျိုးသားရေးဝါဒနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ ရှင်သန်စေပြီး မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းစဉ်လာနှင့် ကိုက်ညီ သော လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာ၊ သာသနာရေးနှင့် ယဉ်ကျေးမှုစသော ကိစ္စများကို ကြိုးပမ်း တကုတ်ဆောင်ရွက်ကြရန် ဟူသော ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်း ဖြစ်ပေသည်"**ဟု ထည့်သွင်းရေးသားဖော်ပြခဲ့ပေသည်။

ထို့ကြောင့် **အမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကို ချီးမြှင့်ပါ၊ ပညာကိုအားပေးပါ** ဟု ထပ်မံကြွေးကြော်လျက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)၏ နှစ်(၁၀၀)ပြည့်မြောက်မှုကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ဤအသင်းကြီးကို ၁၉၀၆ခုနှစ်မှအစပြုကာ ကျွန်တော်နှင့်တကွသောလူငယ်များစုပေါင်းကြ၍ နိုင်ငံခြားမှ သွတ်သွင်းလာသော စည်သွတ်ဝါဒများကို ဖယ်ရှားပြီးလျှင် အမျိုးသားရေးဝါဒနှင့် အမျိုးသားရေး စိတ်ဓာတ်တို့ ရှင်သန်စေပြီး မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းစဉ်လာနှင့် ကိုက်ညီသော လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာ၊ သာသနာရေးနှင့် ယဉ်ကျေးမှု စသောကိစ္စများကို ကြိုးပမ်း တကုတ် ဆောင်ရွက်ကြရန်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်။

နှစ်ဖက်မိဘများအား အမှူးထား၍ အမှတ် ၇၄၄ ရွာသစ် ၃ လမ်း ပိန္နဲကုန်း အင်းစိန်မြို့နယ်နေ ဦးဝင်းသိန်း-ဒေါ်မြင့်မြင့်သန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

မဟာဝိဇယစေတီတော်မြတ်ကြီး ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၆

ရန်ကုန်မြို့ရှိ မဟာဝိဇယစေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၁၁ ရက် (ကဆုန်လပြည့်နေ့) နံနက် ၈ နာရီတွင် စေတီတော်ကြီး၏ မဟာဗောဓိပင်၌ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ကဆုန်ညောင်ရေသွန်းပွဲတော်ကို မဟာဝိဇယစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့နှင့် ဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့တို့မှ ပံ့ပိုးဦးဆောင်ပြီး ဘာသာရေးအသင်းအဖွဲ့များနှင့်အတူ နံနက်၅နာရီတွင် စေတီတော်ရှိဗောဓိပင် နှစ်ပင်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီးနောက် အခမ်းအနားကို နံနက် ၈ နာရီတွင်ဖွင့်လှစ်၍ ညောင်ရေသွန်းပွဲတော်ကို ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဧပြီ ၁၇ ရက်က သီရိမင်္ဂလာကမ္ဘာအေးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် Saw Family International Co., Ltd. ဦးစောကြိုင်-ဒေါ်ကျင်ရွှေ သားသမီးမြေးတစ်စုက တတိယအကြိမ် ငွေ ၃၃၃၃၃၃ ကျပ်ကို လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးစံရင်က လက်ခံယူစဉ်။ (က-ပ)

ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းများ ဇွန် ၁ ရက်တွင် ဖွင့်မည်

ရန်ကုန် မေ ၆

၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သော မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်းများ၊ အလယ်တန်းဆရာအတတ်သင် တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ)ပေါင်းကူး နှစ်နှစ်သင်တန်းနှင့် ဆရာအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်းတို့ကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေလနောက်ဆုံးပတ်အတွင်း ရောက်ရှိသတင်းပို့ကြရန် ပြည်နယ်၊ တိုင်းအသီးသီးသို့ အကြောင်းကြားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်မြို့ ကမ်းနားလမ်း အပိုင်း(၂) ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းသစ်ဖွင့် ခြံစည်းရိုးကြက်ဆူပျိုးခင်းပွဲတော် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အားပေး

ရန်ကုန် မေ ၆

ဧရာဝတီတိုင်း ပုသိမ်မြို့ ကမ်းနားလမ်းအပိုင်း(၂) ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၅ရက် နံနက် ၇နာရီက အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပန်းဖွားအကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲမုခ်ဦး သတ်မှတ်နေရာ၌ နေရာယူကြပြီး အစီအစဉ်အရ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းက လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

၎င်းနောက် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်အား ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းက ဖွင့်ပွဲအထိမ်းအမှတ်အလံအမှတ်တရပေးအပ်သည်။ **(ယာပုံ)** ထို့နောက် လမ်းသစ်အား တိုင်းစည်ပင်သာယာရေးညွှန်ကြားရေးမှူး၊ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒေသခံရပ်မိရပ်ဖ တစ်ဦးတို့ကဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လမ်းသစ် တစ်လျှောက် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ဆက်သွယ်သွားလာနိုင်

အဆိုပါလမ်းသည် မေတ္တာဦးတံတားမှ ပုသိမ်တံတားအထိ အရှည် ၃မိုင်၅ဖာလုံရှိပြီး အပိုင်း(၂)အဖြစ် ပုသိမ်မြို့ ကွမ်းခြံရပ်ကွက်မှ ပုသိမ်တံတား လမ်းဆုံအထိပါဝင်ကာ အကျယ် ၁၈ပေရှိ ကွန်ကရစ်လမ်း အရှည် ၂၃၅ပေ၊ ကတ္တရာ လမ်း ပေ၈၄၀၀အရှည်လမ်းအား စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေ ၆၉၉ဒသမ၆သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၂၀ စုစုပေါင်း ၉၁၉ ဒသမ ၆သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပုသိမ်မှတစ်ဆင့် ရွှေမြင်တင်-ဝါးယားချောင်း-ငွေဆောင်-ချောင်းသာနှင့် သာပေါင်းမြို့သို့အချိန်တိုအတွင်း ကမ်းနားလမ်းမှ လွယ်လင့်တကူချောမောစွာဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။

ခြံစည်းရိုးကြက်ဆူပျိုးခင်းပွဲတော်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကန်သာယာကွင်းတွင် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးပြုလုပ်သော ခြံစည်းရိုးကြက်ဆူပျိုးခင်းပွဲတော်သို့ တက်ရောက်အားပေးရာ ရှေးဦးစွာ တိုင်းစည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးတင့်က တိုင်းအတွင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့များ ခြံစည်းရိုးကြက်ဆူပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးဝေက ခြံစည်းရိုးကြက်ဆူအသုံးဝင်ပုံ၊ စိုက်ပျိုးရေးနည်းလမ်း၊ စက်မှုလယ်ယာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဇော်က ခြံစည်းရိုးကြက်ဆူမှ ကြက်ဆူဆီထုတ်လုပ်ပုံနှင့် အသုံးပြုမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင်များအား နိုင်ငံအနှံ့ ကျယ်ပြန့်စွာစိုက်ပျိုးရေးဆောင်ရွက်နေမှု၊ အပင်၏သဘော၊သဘာဝနှင့် ဖြစ်ထွန်းလွယ်မှု၊ဧရာဝတီတိုင်းအတွင်း နှစ်အလိုက်စိုက်ပျိုးမည့်အခြေအနေများနှင့် ဒေသခံများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာရေးကိစ္စရပ်များအား အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။

ထို့နောက် ပျိုးဥယျာဉ်အတွင်း သတ်မှတ်နေရာ၌ တိုင်းမှူးက ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ ကိုင်းထိုး ပျိုးထောင်မြေချစိုက်ပျိုးပေးသည်။ ထို့နောက် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ကြက်ဆူမျိုးစေ့များကို စုပေါင်းစိုက်ပျိုးပေးကြပြီး ခြံစည်းရိုး ကြက်ဆူဆီကိုအသုံးပြု၍ မီးခွက်ထွန်းညှိပြသမှု၊ လျှပ်စစ်ဓာတ်အားပေး စွမ်းအင် ပြသမှု၊ ရေစက်မောင်းနှင်မှု၊ လမ်းကြိတ်စက်မောင်းနှင်ပြသမှုနှင့် လယ်ယာသုံး ကိရိယာများမောင်းနှင်ပြသမှုကို လိုက်လံကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ၅၆/အေးရိပ်သာ(၁)လမ်း ဗဟန်းမြို့နယ်နေ ဒေါ်အုန်းမြင့်ကြည်အား အမှူးထား၍ ဦးကိုကို-ဒေါ်အေးမြနှင်းနှင့် သား-မောင်အောင်ဖြိုး(အေးရိပ်သာမိသားစု)က အလှူတော် ငွေကျပ်နှစ်သိန်းတစ်သောင်းကို တာဝန်ခံဒေါက်တာ ဒေါ်အေးအေးမာထံ ဧပြီ ၂၉ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ် ၄ဝိုင်း ဓမ္မရောင်ခြည်သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားများကို မေ ၁၂ရက်မှ ၁၈ရက်အထိဟောကြား ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး မေ ၁၁ရက် ညနေတွင် အရောက် ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စက်ခေါင်းစက်ရုံ(အင်းစိန်)၏ ထုတ်လုပ်မှုပမာဏ တိုးမြှင့်နိုင်ရေး လုပ်ငန်းများ စီမံချက်ချမှတ်ပြီး အချိတ်ဆက်မိမိ တက်ကြွစွာဆောင်ရွက်

ရန်ကုန် မေ ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် မေ ၃ရက် နံနက်ပိုင်းက မြန်မာ့မီးရထား၏ စက်ခေါင်းစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်)ဦးစိုးဝင်း၊ စက်ရုံမှူး ဒုတိယအထွေထွေ မန်နေဂျာ ဦးစောဗယ်လင်တိုင်းတို့နှင့် အတူ စက်ရုံမှအရာရှိများနှင့် အလုပ်ရုံစုမှူးများအားတွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်မှ ဝန်ထမ်းများအား ထိုက်တန်စွာ လစာတိုးမြှင့်ပေးခဲ့ပြီးဖြစ်သဖြင့် စက်ရုံ၏ ထုတ်လုပ်မှုပမာဏ တိုးမြှင့်နိုင်ရေးအတွက် လည်းကောင်း၊ ထုတ်လုပ်သောပစ္စည်းများ၏ အရည်အသွေး ပိုမိုမြင့်မားစေရေးအတွက်လည်းကောင်း စီမံချက်ချမှတ်၍ အကွက်ကျကျ အချိတ်ဆက်မိမိ တက်ကြွစွာ ဆောင်ရွက်ပေးရန်လိုကြောင်း၊မိမိတို့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ စက်ရုံတစ်ရုံချင်း လက်ရှိ လုပ်ငန်းများကို ပြန်လည် သုံးသပ်ပြီး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မြစ်ငယ် လူစီးတွဲနှင့် ကုန်တွဲ စက်ရုံ၏ ကုန်ထုတ်လုပ်မှု တိုးမြှင့်လာသည့်နည်းတူ အင်းစိန် စက်ခေါင်းရုံမှလည်း နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးစေလိုကြောင်း၊ စက်ရုံရှိ ရုံအလိုက် တိုးတက်စေသကဲ့သို့ စက်ရုံတစ်ရုံလုံး တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုနှင့် အမှန်သုံးစွဲသော နာရီ၊ အုပ်ချုပ်မှုနှင့် အထွေထွေ၌ သုံးစွဲသော နာရီတို့ကို မှတ်တမ်းတင်ပြီး တိုးတက်အောင် ဆောင်ရွက်ရန် ဖြစ်ကြောင်း မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ရထားစက်ခေါင်းများကို ပြည်တွင်း၌ အစအဆုံး တည်ဆောက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် လေ့ကျင့်တည်ဆောက်နေသော မြင်းကောင်ရေ ၁၁၀၀အား စက်ခေါင်းတည်ဆောက်ခြင်း တိုးတက်မှုအခြေအနေကြည့်ရှုပြီး ယခုနှစ် ဇွန်လကုန်ပြီးစီးရေး၊ စနစ်တကျ စမ်းသပ်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားလျက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ နှစ်နှစ်ခွဲ တစ်ကြိမ် စက်ခေါင်းများ အလတ်တန်းပြင်ဆင် မွမ်းမံမှု၊ငါးနှစ်တစ်ကြိမ် စက်ခေါင်းများ အကြီးတန်းပြင်ဆင်မှုများနှင့် မောင်းနှင် မော်တာပြုပြင်ရေး အလုပ်ရုံအပါအဝင်နှင့် အခြားထုတ်လုပ်မှုလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဗြဟ္မစိုရ်ရောင်းဝယ်ရေးသမ လီမိတက်အသင်း၏ (၈)ကြိမ်မြောက် သက်ကြီးအဘိုးအဘွားများ ပူဇော်ပွဲကို ဧပြီ၄ရက်က အသင်းရုံးတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌတေးသံရှင် ကျော်ကုန်းစိုးမြင့်က သက်ကြီးအဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်စဉ်။ (၁၉၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	နိုင်ငံတကာအနုပညာရေးရာ
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	ဒါ ဖောရိန်းမိတ်တဲ့လားဗျ (ထူးသာ၊ ညီကျော်၊ ဆုပန်ထွာ)
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	ကျန်းမာရွှင်မြူး အစဉ်ရေကူး
၈:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၁၅	Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ]
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	သတိပြုသင့်တဲ့ ရင်သားကင်ဆာ
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	၂၀၀၆ ဓာတ်ပုံပညာနှင့် ကြယ်ပွင့်များ၏ လင်းလက်ခွင့်
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	Myanmar Video Rhythm
၁၀:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	သန့်ရှင်းငြိမ်သက် တွက်ချေကိုက်ဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	မိသားစုတနင်္ဂနွေ (ကန်တော်ကြီး ကရဝိက်ဥယျာဉ်)
၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅	သစ်သီးဝလံပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ (ဒူးရင်း၊ ကြက်မောက်)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ညသ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇:၀၀	ပွဲကြိုသုံးသပ်ချက် (မြန်မာ) (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports(Live)
၈:၀၀	Super Sunday	5-Sports(Live)
၈:၂၅	Arsenal-Wigan	5-Sports(Live)
၈:၃၀	New Castle-Chelsea	5-Cartoons (Live)
	Man U-Charlton	5-Series (Live)
၁၀:၃၀	Portsmouth-Liverpool	5-Series (SDD)
၁၁:၀၀	West Ham-Tottenham	5-Sports(SDD)

မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံလုပွဲများစတင်ယှဉ်ပြိုင် အတန်းလိုက်ကွာတားဖိုင်နယ်ပွဲစဉ်များယနေ့ဆက်လက်ကျင်းပမည်

သတင်းမြင်ကွင်း-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး၊ တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့တံခွန်စိုက်ရွှေခါးပတ်ချန်ပီယံလုပွဲကို ယနေ့မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ စတင်ယှဉ်ပြိုင်ရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များကြည့်ရှုအားပေးကြသည်။

ဆေးမအောင်

ပထမနေ့ ပွဲစဉ်များအဖြစ် ဖယ်သာဝိတ်တန်း (၅၇ကီလို)၌ သုံးပွဲ၊ ဝယ်လ်တာဝိတ်တန်း (၆၇ကီလို)၌ လေးပွဲ စုစုပေါင်း ခုနစ်ပွဲယှဉ်ပြိုင်ထိုးသတ်ကြသည်။ ဖယ်သာဝိတ်တန်း (၅၇ကီလို) ကွာတားဖိုင်နယ် ပွဲစဉ်များအနက် ပွဲစဉ်(၁)၌ ကျော်ဆန်း

မိုက်ခဲ(ကျွဲမင်း)၏ ညာဝိုက်လက်သီးကို စောအုန်းမြင့်(မြွေဟောက်မင်း)ဘယ်ထောက်လက်သီးဖြင့် မျက်နှာအားဖြတ်ထိုးထားစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

(°K.L.N°)နှင့် လူလေးအောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ရန်ဖြစ်သော်လည်း လူလေးအောင်(တောင်ကလေး)ဆေးမအောင်၍ ကျော်ဆန်း (°K.L.N°) အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ခြေကန်ချက်

ပွဲစဉ်(၂)ဖယ်သာဝိတ်တန်း (၅၇ကီလို) ကွာတားဖိုင်နယ်ပွဲစဉ် အဖြစ် စောအုန်းမြင့် (မြွေဟောက်မင်း)နှင့် မိုက်ခဲ(ကျွဲမင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ အပြာထောင့်မှ မိုက်ခဲ (ကျွဲမင်း)က အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ပထမအချီ၌ မိုက်ခဲက ခြေကန်ချက်ကို အားပြုပြီး လက်သီးတွဲလုံး ပစ်သွင်းရာ စောအုန်းမြင့် မဟန်နိုင်ဘဲ လဲကျသွားသည်။ စောအုန်းမြင့် ပြန်ထလာပြီး ခံစစ်အသွင်မှ တိုက်စစ်အသွင်ပြောင်းပြီး လိုက်ထိုးမှ ပွဲကြည့်ကောင်းလာသည်။ ဒုတိယအချီ၌ မိုက်ခဲ က ခြေကန်ချက်ကို အသုံးပြု၍ အောက်ပိုင်းကိုရိုက်ချိုးရာ စောအုန်းမြင့်တောင့်မခံနိုင်ဘဲ လဲကျပြန်သည်။

လက်သီးတွဲလုံး

တတိယအချီ၌ မိုက်ခဲကပင် ဦးဆောင်၍ တရစပ်လိုက်ထိုးသလို ခြေထောက်ကိုရိုက်ဖြုတ်ရာ စောအုန်းမြင့် ဟန်ချက်ပျက်ပြီး အမှတ်စဉ်ရေတွက်ခြင်းခံရသည်။ စတုတ္ထအချီတွင် စောအုန်းမြင့် ဆက်လက်မယှဉ်ပြိုင်နိုင်တော့၍ စတုတ္ထအချီ ၂ မိနစ် ၄၉ စက္ကန့်တွင် မိုက်ခဲ(ကျွဲမင်း)အနိုင်ရရှိသွားခြင်းဖြစ်သည်။

မလှုပ်သာ

ပွဲစဉ်(၃) ဖယ်သာဝိတ်တန်း(၅၇ကီလို)ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ရွှေရခိုင် (ရွှေဒေါ်ပုံ)နှင့် ဒေါနပန်း(ကျွဲမင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ကျွဲမင်းကလပ်မှ ဒေါနပန်းက တတိယအချီ၅၇စက္ကန့်တွင် အလဲထိုး အနိုင်ရရှိသွားသည်။

အကိုင်အချုပ်

ဒေါနပန်းက ရွှေရခိုင်ထက်အရပ်မြင့်သောကြောင့် အကိုင်အချုပ်၌ အားသာပြီး ပထမအချီတွင် အသာစီးမှ ရခဲ့သည်။ ဒုတိယအချီတွင် ရွှေရခိုင်က အကိုင်အချုပ်မခံတော့ဘဲ ခြေကန်ချက်များသုံး၍ ခပ်ခွာခွာအနေအထားမှ အလစ်အငိုက်စောင့်ထိုးသည်။ တတိယအချီတွင် ရွှေရခိုင်က လက်သီးတွဲလုံးများပစ်သွင်းနေသည့်ကြားမှ ဒေါနပန်းက ခေါင်းကိုကိုင်ချုပ်ပြီး အရှိုက်ကို ဒူးဖြင့်တိုက်လိုက်ရာ ရွှေရခိုင်ပုံကနဲလဲကျကာ ပြန်မထနိုင်၍ ပွဲသိမ်းသွားသည်။

နောက်ဆုတ်ခံ

ပွဲစဉ်(၄) ဖယ်သာဝိတ်တန်း (၅၇ကီလို)ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘိလပ်မြေမောင်မောင်(ဘိလပ်မြေစက်ရုံ)နှင့် စောသဲမင်း(°K.L.N°)တို့ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီ ၅၄စက္ကန့်၌ ဘိလပ်မြေမောင်မောင်က အလဲထိုး အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ပွဲစသည်နှင့် ဘိလပ်မြေမောင်မောင်က အတင်းလိုက်ထိုးရာ လက်ရည်မှာကွာမှန်းသိသာသည်။ စောသဲမင်းတစ်ချက်တစ်ချက်ပြန်ထိုးရင်း နောက်ဆုတ်ခံနေရာမှ ဘိလပ်မြေမောင်မောင်၏ ညာခြေကန်ချက် စောသဲမင်းခေါင်းကို မိမိရရထိသွား၍ ကြမ်းပြင်ပေါ်ကားကနဲကျကာ ပွဲသိမ်းမြန်သွားခြင်းဖြစ်သည်။

ထောက်လက်သီး

ပွဲစဉ်(၅) ဝယ်လ်တာဝိတ်တန်း (၆၇ကီလို)ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ရန်ကြီးအောင်(အလင်းရောင်)နှင့် စောဇော်လွင် (°K.L.N°)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီ ၄၂စက္ကန့်တွင် ရန်ကြီးအောင်(အလင်းရောင်)အနိုင်ရရှိသွားသည်။ (°K.L.N°) ကလပ်မှ စောဇော်လွင် သတ်လုံးသတ်ကွက်ကောင်းပြီး မာန်ပါသော်လည်း ခပ်ရမ်းရမ်းဝင်ထိုး၍ ထောက်လက်သီး ဒဏ်ခံစားလိုက်ရသည်။

ပထမအချီတွင် စောဇော်လွင် မနားတမ်းလိုက်ထိုးသလို ရန်ကြီးအောင်ကလည်း ခြေတံရှည်၍ ခြေကန်အားဖြင့်တုံ့ပြန်သည်။ ဒုတိယ အချီတွင် စောဇော်လွင်က ပွဲသိမ်းအမြန်လိုဇောဖြင့်ဖွင့်ထိုးရာ ရန်ကြီးအောင်ကလည်း ခေသူမဟုတ်၍ ပညာသားပါပါ ထောက်လက်သီးကိုထည့်လိုက်ရာ စောဇော်လွင် မျက်ခုံးကွဲသွားသည်။ သွေးထွက်များနေသဖြင့် ကြိုးဝိုင်းဒိုင်ကပွဲရပ်ပြီး ဆရာဝန်ကိုစစ်ဆေးစေရာ ဆရာဝန်ကဆက်ထိုးခွင့်မပြု၍ ရန်ကြီးအောင်ကိုအနိုင်ပေးခဲ့သည်။

ရင်ဆိုင်ထိုး

ပွဲစဉ်(၆) ဝယ်လ်တာဝိတ်တန်း (၆၇ကီလို) ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ထွန်းထွန်း (ဒေါနခြေလှမ်းသစ်)နှင့် မျိုးဆက်သစ် (လယ်ယာ/ဆည်မြောင်း)တို့ ယှဉ်ပြိုင် ထိုးသတ်ရာ ထွန်းထွန်းက ပထမအချီ ၁မိနစ်

ဝယ်လ်တာဝိတ်တန်း (၆၇ကီလို)တန်းပြိုင်ပွဲတွင် မျိုးဆက်သစ် (လယ်ယာ/ဆည်မြောင်း)၏ ညာဖြောင့်လက်သီး ထွန်းထွန်း (ဒေါနခြေလှမ်းသစ်) မျက်နှာအားထိမိထားစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

၅စက္ကန့်၌ အလဲထိုး အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ကြိုးဝိုင်းဒိုင်က ထိုးဆိုသည်နှင့် အပြန်အလှန် ရင်ဆိုင်ထိုးသတ်ကြရာ ထွန်းထွန်း၏ လက်သီးချက် မျိုးဆက်သစ်မျက်နှာကို မိမိရရထိသွားရာ ပုံကနဲလဲကျပြီး ပြန်မထနိုင်တော့ဘဲ ပွဲသိမ်းလိုက်ရသည်။

ညာဒူးတိုက်ချက်

ပွဲစဉ်(၇) ဝယ်လ်တာဝိတ်တန်း (၆၇ ကီလို) ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် သူရရဲအောင်(မြန်မာပြည်သား)နှင့် ကောင်းစံ (ရွှေဒေါ်ပုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သူရရဲအောင်က အလဲထိုး အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ပထမအချီ၌ နှစ်ဦးစလုံးချက်ကောင်းစောင့်ပြီး သာမန်မျှ ထိုးသတ်ရာ ပရိသတ်မချင့်မရဲဖြစ်ကြရသည်။ ဒုတိယအချီတွင် သူရရဲအောင် တိုက်စစ်ဖွင့်ပြီး ခြေကန်ချက်နှင့် လက်သီးတွဲ၍ လွှတ်ရာ ကောင်းစံ မျက်နှာ ချက်ကောင်းထိ၍ မူးဝေသွားသည်။ တတိယအချီ ၁ မိနစ် ၂၆ စက္ကန့်တွင် အသာစီးရနေသော သူရရဲအောင်၏ ညာဒူး ပင့်တိုက်ချက်ကို ကောင်းစံ မခံစားနိုင်ဘဲ ပွဲသိမ်းသွားသည်။

ပွဲစဉ်(၈) ဝယ်လ်တာဝိတ်တန်း (၆၇ ကီလို) ကွာတားဖိုင်နယ်ပွဲစဉ် အဖြစ် တာတိုးဝါး(ဘိလပ်မြေစက်ရုံ) နှင့် အာကာဟိန်း(အလင်းရောင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ တာတိုးဝါးက အသာစီးမှ ထိုးသတ်ပြီး အနိုင်ရရှိသွားသည်။ အာကာဟိန်းမှာ တာတိုးဝါး၏ လက်သီးချက်ကြောင့် ပထမအချီမှာပင် ကြမ်းပြင်ပေါ်နှစ်ကြိမ် လဲကျခဲ့ရာ ဒိုင်လူကြီးက အမှတ်စဉ်ရေတွက်ရသည်။ ပရိသတ်အချို့က ပွဲသိမ်းပြီထင်၍ ထအပြန်တွင် အသည်းမာသော အာကာဟိန်း ပြန်ထလာပြီး ဆက်ထိုး၍ ဒုတိယအချီသို့ ခရီးဆက်ခဲ့ခြင်း ဖြစ်သည်။

ဒုတိယအချီတွင် အာကာဟိန်း နှစ်ကြိမ်လဲကျရာမှ ပြန်ထထိုးလိုသော်လည်း လေးကြိမ်မြောက် အမှတ်စဉ်ရေတွက်ရသဖြင့် စည်းကမ်းအရ တာတိုးဝါး(ဘိလပ်မြေစက်ရုံ)ကို အနိုင်ပေးလိုက်ခြင်းဖြစ်သည်။ အာကာဟိန်း၏ အသည်းမာပြီးဖွဲ့ပါမှုကို ပရိသတ်များ သဘောကျကာ ဆုငွေများ ချီးမြှင့်ခဲ့ကြသည်။

အလဲထိုး

ယနေ့ပွဲစဉ်များအားလုံး သုံးမိနစ်ထိုးနှစ်မိနစ်နား ငါးချီပွဲစဉ်များဖြစ်သည်။ ပွဲစဉ်(၇)ပွဲယှဉ်ပြိုင် ထိုးသတ်ရာ အပြာထောင့်မှ နှစ်ပွဲသာအနိုင်ရပြီး အနီထောင့်မှ ငါးပွဲအနိုင်ရခဲ့သည်။ ငါးချီပြည့်သည့်အထိ ထိုးသတ်ရသည့် ပွဲမရှိဘဲ အလဲထိုးပွဲများပါဝင်ခဲ့သည်။

ယနေ့ပွဲ

မေ၇ရက်**(ယနေ့)** မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ အတန်းအလိုက် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဘင်တန်ဝိတ်တန်း (၅၄ကီလို) ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် သားရွှေသွေး(တောင်ကလေး)နှင့် ရွှေဖလား(K.L.N°)၊ အသဲဖွဲ့(ဘိလပ်မြေစက်ရုံ)နှင့် လက်သီးမောင်မောင်(မြားနက်)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

လိုက်ဝိတ်တန်း(ကီလို ၆၀)ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် စောသဲမျိုး (K.L.N°)နှင့် သမိန်ရာဇာ(မလှိုင်)၊ ဟိန်းညီညီ(အလင်းရောင်)နှင့်စစ်အောင် (ဘိလပ်မြေစက်ရုံ)၊ ရွှေနိုင်ထွန်း (မြွေဟောက်မင်း)နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

လိုက်ဝယ်လ်တာဝိတ်တန်း (၆၅ ကီလို) ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် မိုက်တိုင်စန်(အလင်းရောင်)နှင့် စောဝီလျံသိန်း (မရမ်းကုန်း)၊ ကြယ်လင်းအောင် (တောင်ကလေး)နှင့် အောင်ဇေယျ (ဘိလပ်မြေစက်ရုံ)၊ စောဖွဲ့လေး(K.L.N)နှင့် ဖိုးစိုး(အလင်းရောင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

သတင်းစကား

ပြိုင်ပွဲဝင်ကြေးအဖြစ် ရိုးရိုးတန်းကျပ် ၂၅၀၀၊ အထူးတန်းကျပ် ၃၅၀၀ သတ်မှတ်ထားသည်။ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေး အတွက် Myanmar Towards Co.,Ltd.က အဓိကပံ့ပိုးကူညီဆောင်ရွက်ပေးသည်။ တံခွန်စိုက် ရွှေခါးပတ်ချန်ပီယံလုပွဲများဖြစ်၍ ရိုးရာလက်ဝှေ့ကျော်များ ရေကုန်ရေခန်းထိုးသတ်ကြမည်ဖြစ်ရာ ပွဲကြီးပွဲကောင်းများ ရှုစားကြရမည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်း စာအောင်သံဃာများချီးကျူးပူဇော်မည်

ရန်ကုန် မေ ၆

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ ဆရာတော်ဘုရားကြီး ဦးဆောင်တော်မူလျက်ရှိသော ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်မှ ယခုနှစ်တိပိဋကရေစာမေးပွဲတွင် အဘိဓမ္မာပိဋကကို အာဂုံဂုဏ်ထူးဖြင့် အောင်မြင်သဖြင့် ဝိသိဋ္ဌမူလအာဘိဓမ္မိကရေဘွဲ့ရရှိသော အရှင်သုနန္ဒ၊ ဝိနယပိဋက ဥဘတောဝိဘင်္ဂရေဘွဲ့ရရှိတော်မူကြသော အရှင်နေမိန္ဒ သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးနှင့် ပဋ္ဌာနိကာယ သာသနာနုဂ္ဂဟအသင်း စာမေးပွဲကြီး၌ အောင်မြင်တော်မူခဲ့ကြသည့် သံဃာတော်တို့အား ဂုဏ်ပြုပူဇော်ပွဲကို မေ ၁၁ ရက်(ကဆုန်လပြည့်နေ့)(ကြာသပတေးနေ့)၌ ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်းရှိ ယင်းကျောင်းတိုက်ကြီး၌ကျင်းပမည်ဖြစ်သည်။

ဂုဏ်ပြုချီးမြှင့်ပူဇော်ပွဲအတွက် အလှူငွေများကို လှူဒါန်းလိုပါက ကျောင်းတိုက်၌လည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ ပူဇော်ပွဲကျင်းပရေး အကျိုးဆောင်များထံ၌လည်းကောင်း၊ ဖုန်း-၅၆၄၄၅၅၊ ၅၆၄၄၅၆သို့ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ကြွရောက် ကြည်ညိုပူဇော်ကုသိုလ်ယူနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းလူငယ်ဘောလုံးအသင်းအားဂုဏ်ပြု

ရန်ကုန် မေ ၆

(၉)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့် တိုင်းလူငယ်ဘောလုံးပြိုင်ပွဲတွင်အနိုင်ရဗိုလ်စွဲခဲ့သော ရန်ကုန်တိုင်း လူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်၁၁နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၃၇ ရပ်ကွက် မဟာဗန္ဓုလလမ်း အမှတ်၂၂၄/၂၂၅၌ ကျင်းပရာ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းလူငယ်ဘောလုံး အသင်းအဖွဲ့ခေါင်းဆောင်ဦးသိန်းထွန်းလတ်(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အသင်းအုပ်ချုပ်သူဦးခင်မောင်လတ်(အောင်တံခွန်သယ်ယူပို့ဆောင်ရေး)၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဆုဖလားပေးအပ်

ရှေးဦးစွာ ရန်ကုန်တိုင်းဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်း လူငယ်ဘောလုံးအသင်းအုပ်ချုပ်သူ ဦးခင်မောင်လတ် (အောင်တံခွန်သယ်ယူပို့ဆောင်ရေး)က တံခွန်စိုက်ဆုဖလားနှင့် အသန့်ရှင်းဆုံး ဆုဖလားတို့အား ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဆွေထံ ပေးအပ်သည်။

ဂုဏ်ပြုလက်မှတ်

ထို့နောက် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အသင်းအုပ်ချုပ်သူ ဦးခင်မောင်လတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မေ ၆

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား(၂) မိုးကုတ် ဝိပဿနာဓမ္မရိပ်သာကျောင်း လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၃၈) ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊ L.L.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာ ဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် ကဆုန်လပြည့်ကျော် ၃ ရက် မေ ၁၄ ရက် (တနင်္ဂနွေနေ့) ညနေ အရောက်လာကြရန်နှင့်လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၆၉၀၀၅၉ သို့ ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမည့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပမှ ပေါ်တူဂီအသင်း၏ ပြင်ဆင်မှုအနေအထား

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၆

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲဝင်ဘောလုံးအသင်းများလည်း မိမိတို့၏အသင်းကို အကောင်းဆုံးအနေအထားရောက်အောင် အစွမ်းကုန်ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ၃၂ သင်းအနက် ပေါ်တူဂီအသင်း၏ လက်ရှိအနေအထားကို မြန်မာ့အလင်း ဘောလုံးပရိသတ်သိရှိစေရန် Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ ဆက်လက်ဖော်ပြလိုက်ပါသည်။

ပေါ်တူဂီအသင်း

ဥရောပ၏ ခြေစွာပေါ်တူဂီအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၁၉၆၆ ခုနှစ်မှ ပထမဆုံး စတင်ဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့သည့်အသင်းဖြစ်သည်။ ပေါ်တူဂီတို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ စတင်ဝင်ရောက်ကစားခဲ့သည့် ၁၉၆၆ ခုနှစ်မှာပင် ခြေစွမ်းပြကစားနိုင်ပြီး ပြိုင်ဘက်အသင်းကြီးများကို ကျော်ဖြတ်ကာ တတိယဆုရရှိခဲ့သည့် သမိုင်းအစဉ်အလာရှိသော အသင်းလည်းဖြစ်သည်။

ထို့နောက်ပိုင်းတွင် အောင်မြင်မှုများနှင့် ဝေးကွာခဲ့ပြီး ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရောက်မှသာ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်။ ယခု ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲများ ကစားခဲ့ရာ၌ ပေါ်တူဂီတို့ ပြိုင်ဘက်အသင်းများကို ၃၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ဥရောပအသင်းများ၌ တိုက်စစ်အကောင်းဆုံး အသင်းအဖြစ် ဝံ့ကြွားစွာ ရပ်တည်ကာ ခြေစစ်ပွဲ အောင်မြင်လာခဲ့ခြင်း ဖြစ်သည်။



စီရိုနယ်ဒို

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ပေါ်တူဂီ အသင်း၏ အားထားရမည့် လူငယ် ကစားသမားစီရိုနယ်ဒို။

(ဓာတ်ပုံ-အင်တာနက်)

နည်းပြ

ဘရာဇီးအသင်းကို ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားရအောင် စွမ်းဆောင်ပေးခဲ့သည့် စကိုလာရီသည် ယခုပေါ်တူဂီအသင်းကို နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။ စကိုလာရီသည် နည်းဗျူဟာနည်းစနစ်၊ အခင်းအကျင်းကောင်းမွန်သူဖြစ်ပြီး ငယ်ရွယ်နုပျိုကာ စွမ်းရည်ထက်မြက်သော ဘောလုံးသမားများနှင့် စုစည်းထားသည့် ပေါ်တူဂီအသင်းကို အမြင့်ဆုံးအောင်မြင်မှုရအောင် ဆောင်ရွက်ပေးမည်ဖြစ်သည်။

စကိုလာရီသည် ယူရို၂၀၀၄ တွင် ပေါ်တူဂီအသင်းကို နောက်ဆုံး ဗိုလ်လုပွဲအထိ ရောက်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သူဖြစ်ရာအရည်အချင်း ပြည့်ဝသော နည်းပြတစ်ဦး ဖြစ်သည်။ ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပေါ်တူဂီအသင်း၏ ထူးချွန်ထက်မြက်သော ကစားသမားကောင်းများနှင့် ခြေစွမ်းများကို လက်နက်တစ်ခုသဖွယ် အသုံးချပြီး အောင်မြင်မှုများကို ရယူမည်ဟု စကိုလာရီက ဆိုနေသည်။

စောင့်ကြည့်ရမည့်ကစားသမား

လက်ရှိမန်ချက်စတာ ယူနိုက်တက် အသင်း၌ ကစားနေသော ခရစ္စတီယာနိုရိုနယ်ဒိုသည် ပေါ်တူဂီအသင်းအတွက် အစွမ်းအထက်ဆုံး လက်နက်သဖွယ် ဖြစ်လာမည့်သူဖြစ်သည်။ တစ်ဖက်ကစားသမားကို မထင်မှတ်ထားသော ဘောလုံးစွမ်းရည်များနှင့် လှည့်စားကျော်ဖြတ်ရာ၌ ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး ၂၀၀၃ ခုနှစ်က စပို့တင်း လစ္စဘွန်းအသင်းမှ နာမည်ကြီး မန်ယူအသင်းသို့ ရောက်ရှိလာသူဖြစ်သည်။ ယူရို၂၀၀၄ တွင်လည်း ပေါ်တူဂီအသင်းအတွက် ခြေစွမ်းပြ ကစားပေးနိုင်ခဲ့ပြီး ယခု ၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲများတွင်လည်း ပေါ်တူဂီအသင်းအတွက် တစ်ဦးတည်းခုနစ်ဂိုး သွင်းပေးနိုင်သူတစ်ဦးဖြစ်သည်။

ထက်မြက်သည့် ပါရမီရှင်ကစားသမားတစ်ဦးဖြစ်ပြီး နည်းပြ စကိုလာရီကိုယ်တိုင်က ပေါ်တူဂီအသင်းအတွက် တန်ဖိုးရှိသည့် ကစားသမားဟု အသိအမှတ်ပြုထားသူတစ်ဦးဖြစ်သည်။ စီရိုနယ်ဒိုသည် ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ၎င်းအတွက် ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ကစားရခြင်းဖြစ်သည်။

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ပေါ်တူဂီအသင်းနည်းပြ စကိုလာရီ။

(ဓာတ်ပုံ-အင်တာနက်)

ပွဲစဉ်

ပေါ်တူဂီအသင်းသည် ကမ္ဘာ့ဖလားအုပ်စု(ဃ)၌ ပါဝင်ပြီး ဇွန် ၁၁ ရက်တွင် အင်ဂိုလာ၊ ဇွန် ၁၇ ရက်တွင် အီရန်၊ ဇွန် ၂၁ ရက်တွင် မက္ကဆီကိုအသင်းတို့နှင့် အုပ်စုပွဲစဉ်များ ဆင်နွှဲရမည်ဖြစ်ပြီး အုပ်စု(ဃ)၌ ဗိုလ်စွဲမည့်အသင်းဟု ရေပန်းစားနေသည်။ ပေါ်တူဂီတို့ အုပ်စုချောင်သည်ဟု ဆိုရမည်ဖြစ်သော်လည်း အုပ်စုမှ နောက်တစ်ဆင့်တက်ရေး အစွမ်းကုန်ကြိုးစားရမည်ဖြစ်ရာ ပေါ်တူဂီ၏ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခြေစွမ်းကို စောင့်ကြည့် အကဲခတ်ရတော့မည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ပေါ်တူဂီလက်ရွေးစင်ဘောလုံးအသင်း။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ရာသီ နောက်ဆုံးပွဲစဉ်များ ယနေ့ကစားမည်

လန်ဒန် မေ ၆

ပရီမီယာလိဂ် ဘောလုံးရာသီ၏ နောက်ဆုံးပွဲစဉ်များကို မေ ၇ ရက် (ယနေ့) **တွင် ကစားမည်ဖြစ်ရာ ရာသီနောက်ဆုံးပွဲကို အနိုင်ဖြင့် အဆုံးသတ်ရန် အသင်းတိုင်း ကြိုးစားကစားကြမည် ဖြစ်သည်။**



၂၀၀၅-၂၀၀၆ ပရီမီယာလိဂ် ဘောလုံးရာသီတွင် အအောင်မြင်ဆုံး ဘောလုံးသမားဆုရရှိသွားသည့် အာဆင်နယ်အသင်း တိုက်စစ်မှူး အွန်နရီ။

(ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်နှင့် ဝီဂမ်တို့ အာဆင်နယ်ကွင်း၌ ကစားရမည်ဖြစ်ရာ အဝေးကွင်းခြေစွမ်းပျောက်နေသော ဝီဂမ်တို့ အာဆင်နယ်ကို အနိုင်ရရန် မလွယ်ချေ။ အာဆင်နယ်သည် မိမိကွင်း၌ ဝီဂမ်ကိုသေချာပေါက် အနိုင်ကစားမည်ဖြစ်ရာ ဟိုက်ဘူရီတွင် အနိုင်နှင့် အဆုံးသတ်ရန် ဖိဖိစီးစီးကစားမည်ဖြစ်သည်။ အာဆင်နယ်တို့ ဂိုးပြတ်သွင်း မသွင်းစောင့်ကြည့်ရမည် ဖြစ်သည်။



ယွန်းဘတ်

အာဆင်နယ်နှင့် ဝီဂမ်အသင်းပွဲတွင် ပါဝင်ကစားမည့် ယွန်းဘတ်။

(ဓာတ်ပုံ-အင်တာနက်)

ဘလက်ဘန်းနှင့် မန်စီးတီးတို့ပွဲတွင် ဘလက်ဘန်းတို့ အသာစီးရဖွယ်ရှိသည်။ ယခုနှစ်၌ အိမ်ကွင်းတွင် ဘလက်ဘန်းတို့ ခြေစွမ်းပြနိုင်လျက်ရှိရာ နိုင်ပွဲများ ဆက်လျက်ရှိသည်။ မန်စီးတီး၏ ခြေစွမ်းကျဆင်းနေသောကြောင့် ဘလက်ဘန်းတို့ ဂိုးပြတ်မပြတ်သာ စောင့်ကြည့်ရမည်။

မန်ယူနှင့် ချာလ်တန်တို့ပွဲတွင် မန်ယူတို့ အနိုင်ရမည့်ပွဲပင်ဖြစ်သည်။ ချာလ်တန်ခြေစွမ်း ပုံမှန်မရှိမှုကြောင့် အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ မန်ယူတို့ အနိုင်ကစားမည့်ပွဲဖြစ်ရာ ဂိုးပြတ်သွင်း အနိုင်ယူမည်ဖြစ်သည်။

ဖူလ်ဟမ်နှင့် မစ်ဒယ်ဘရော့တို့ ပွဲတွင်ပရီမီယာလိဂ်၌ နောက်ဆုံးပွဲစဉ်များတွင် နိုင်ပွဲဝေးလာသော ယူအီးအေဖလား ဗိုလ်လုပွဲဆင်နွှဲရဦးမည့် မစ်ဒယ်ဘရော့ကို ဖူလ်ဟမ်တို့ နိုင်ပွဲရနိုင်သည်။

နယူးကာဆယ်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ပရီမီယာလိဂ်သရဖူကို ရရှိခဲ့ပြီးဖြစ်သည့် ချယ်လ်ဆီးတို့ နိုင်နိုင်ရှုံးရှုံး ရလဒ်အရေးမပါတော့သည်ဖြစ်ရာ ချယ်လ်ဆီးတို့ စိတ်အေးသက်သာစွာ ကစားမည်ဖြစ်သည်။ ယခုပွဲသည် နှစ်သင်းစလုံးအတွက် သရေပွဲဖြစ်သွားနိုင်ရာ စောင့်ကြည့်ရမည် ဖြစ်သည်။

အခြားပွဲများ

ပို့စ်မောက်-လီဗာပူး
ဝက်စ်ဟမ်း-တော့တင်ဟမ်
အဲဗာတန်-ဝက်ဘရွန်း။

(အင်တာနက်)

ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းထားသူများ

၁။ အွန်နရီ	(အာဆင်နယ်)	၂၃ ဂိုး
၂။ နစ္စတယ်ရွိုင်း	(မန်ယူ)	၂၁ ဂိုး
၃။ ဒါရင်ဘင့်	(ချာလ်တန်)	၁၈ ဂိုး
၄။ ဖရန့်လမ်းပတ်	(ချယ်လ်ဆီး)	၁၆ ဂိုး
၅။ ရော်ဘီကိန်း	(စပါး)	၁၆ ဂိုး
၆။ ရွန်နေ	(မန်ယူ)	၁၆ ဂိုး
၇။ ဟေးဝုဒ်	(ဝက်စ်ဟမ်း)	၁၄ ဂိုး
၈။ ဘယ်လာမီ	(ဘလက်ဘန်း)	၁၃ ဂိုး
၉။ ယာကူဘူ	(မစ်ဒယ်ဘရော့)	၁၃ ဂိုး
၁၀။ ဒရော့ဘာ	(ချယ်လ်ဆီး)	၁၂ ဂိုး

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အလုပ်ရုံဆွေးနွေး

ရန်ကုန် မေ ၆

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အလုပ်ရုံဆွေးနွေးပွဲ(၄/၂၀၀၆)ကို ဧပြီ ၁၉ရက်တွင် တောင်မန်းကျေးရွာစုရပ်၌လည်းကောင်း၊ ဧပြီ ၂၁ရက်တွင် ကိုင်းတောလေးကျေးရွာစုရပ်တို့၌လည်းကောင်း ကျင်းပသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲများတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်စိုးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များနှင့် နေ့စဉ်ထုတ်သတင်းစာများကို ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

မင်္ဂလာစေ့စပ်ပွဲအခမ်းအနား၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားနှင့် မင်္ဂလာအောင်ဆွမ်းကျွေးတရားတော်နာ ကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ ၅-၄-၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)တွင် အုတ်တွင်းမြို့ (ကြယ်နီ ဆေးပေါ့လိပ်ခုံပိုင်ရှင်) ဦးခင်မောင်ဝင်း-သီရိသုဓမ္မသင်္ဂီ ဒေါ်သန်းသန်းနွဲ့တို့၏ မင်္ဂလာနေအိမ်၌ကျင်းပပြုလုပ်သော **"စေ့စပ်မင်္ဂလာပွဲ"** အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်အားလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ တောင်ငူခရိုင်မှ စစ်ဘက်နယ်ဘက် အရာရှိကြီးများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃၀-၄-၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ball Room)တွင် ကျင်းပပြုလုပ်သော **"မင်္ဂလာညှော်ခံပွဲ"** အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်အားလည်းကောင်း၊ ၄-၅-၂၀၀၆ရက် (ကြာသပတေးနေ့)တွင် အုတ်တွင်းမြို့၊ ကံကလေးတောရ၊ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ပင့်သံဃာတော်အပါး ၁၅၀တို့အား **"မင်္ဂလာအောင်ဆွမ်းကျွေး"** တရားတော်နာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပါသော တောင်ငူလေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ကျော်အောင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၏ ဇနီးများအားလည်းကောင်း၊ တောင်ငူမြို့နှင့် အုတ်တွင်းမြို့တို့မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအောင်ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

မောင်ဥက္ကာစိုး-မမေဝင်းနွယ်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်နေ
ဦးသောင်းဝင်း(မြန်မာ့ဆိပ်ကမ်းကော်ပိုရေးရှင်း၊ ငြိမ်း)-ဒေါ်မြင့်မြင့်ဆွေ
(သမဝါယမဦးစီးဌာန၊ ငြိမ်း)တို့၏သားကြီး

မောင်မျိုးမင်းမင်းထွဋ် B.A (Histroy)
Old Bagan Travel & Tour

နှင့်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးကျော်ရှိန်(Total E & P Myanmar)-ဒေါ်ကြည်ကြည်မေ[သ-တ-က(၂)၊ ငြိမ်း]
တို့၏သမီးငယ်

မကေခိုင်ကျော်ရှိန် B.Sc (Zoology)
Diploma in Accounting (LCCI,UK) CAT (Advanced Level)
Gunkul Engineering Supply Co., Ltd.

တို့၏ ၆-၅-၂၀၀၆ရက် (စနေနေ့) Panda Hotel (ပုလဲခန်းမဆောင်)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ ညှော်ပရိသတ်များအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဦးဝင်းအောင်(စီမံကိန်းအရာရှိ၊ ပညာရေးနှင့်ကလေးသူငယ် ဖွံ့ဖြိုးမှုဌာန၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့)နှင့်ဇနီး ဒေါ်ပြုံးပြုံးအေး(လက်ထောက်ကထိက၊ ငြိမ်း)၊ အင်္ဂလိပ်စာဌာန(လှည်းကူး ပညာရေးကောလိပ်)၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော သုဓမ္မဇောတိကဓဇ ဦးဇေယျသူရမွန် (Managing Director Gunkul Engineering Supply Co.,Ltd.) နှင့်ဇနီး ဒေါ်ခိုင်ခိုင်မြင့်တို့အားလည်းကောင်း၊ ၂၇-၄-၂၀၀၆ရက်တွင် Oriental House မင်္ဂလာခန်းမတွင်ကျင်းပခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဦးမင်းသိမ်း (ဒုတိယမြို့နယ် တရားသူကြီး-မရမ်းကုန်းမြို့နယ်)တို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးမင်းမင်းထွဋ်-မကေခိုင်ကျော်ရှိန်။

အိမ်တော်ရာစေတီတော် ကဆုန်ညောင်ရေ သွန်းလောင်းမည်

ရန်ကုန် မေ ၆

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူးပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ၁၁ရက် (ကဆုန်လပြည့်နေ့) နံနက်၇နာရီခွဲတွင် ရင်ပြင်တော် ရတနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

သွန်းလောင်းနိုင်

အဆိုပါ အခမ်းအနားသို့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဦးဆောင်၍ ဗောဓိညောင်ပင်ကြီး၌ ညောင်ရေသွန်းလောင်းကြမည်ဖြစ်ရာ ကုသိုလ်ရှင်များ တက်ရောက် သွန်းလောင်းနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်တွေမြို့၊ နေပူခံရပ်ကွက်၊ ဝင်္ဂဘာလမ်းနေ
ဦးမောင်ဦးသာ(ရတနာဆိုင်ပိုင်ရှင်)-ဒေါ်လှမြညိုတို့၏သားငယ်

မောင်မြထွန်းသာ B.E˚(Mechanical)

အလုပ်ရုံစုမှူး(ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံ)

နှင့်

စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ ရွာကြီးလမ်းနေ
(ဦးစောရွှေ-ဒု/ဌာနခွဲမန်နေဂျာ[ငြိမ်း]၊ စစ်တွေဌာနခွဲ၊ ရေနံ)-
ဒေါ်စောတင်(အ-ထ-ပြ၊ ငြိမ်း)တို့၏ သမီးကြီး

ဒေါက်တာရွှေစင်နွယ် M.B.,B.S(Ygn)

လက်ထောက်ဆရာဝန်(စစ်တွေဆေးရုံကြီး)

တို့သည် ၂၆-၄-၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြထွန်းသာ-ဒေါက်တာရွှေစင်နွယ်။

လာဘသိဒ္ဓိစေတီ၊ ရွှေလရောင်၊ ရွှေလဝန်း ရွှေလပြည့်စေတီတော်များရွှေထီးတော်တင်လှူမည်

ရန်ကုန် မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးရတနာမြေ တောင်ပေါ်လျှမ်းပြည့်ကျောင်းတိုက်တွင် တည်ထားကိုးကွယ်သည့် လာဘသိဒ္ဓိစေတီတော်နှင့် ရွှေလရောင်၊ ရွှေလဝန်း၊ရွှေလပြည့်စေတီတော်များ ရွှေထီးတော်တင်လှူရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၄ရက်က သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အမှတ်(၁) ထေရဝါဒဗုဒ္ဓသာသနာပြု လျှမ်းပြည့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဝင်းအတွင်း၌ကျင်းပရာ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသအမှူးပြုသော ဆရာတော် သံဃာတော်များ၊ ကြွရောက်တော်မူကြပြီး၊ နယ်မြေခံတပ်ရင်းမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ သာသနာရေးရာ အကျိုးဆောင်အဖွဲ့ဝင်များ၊ တိုင်းရင်းသားများ ဖိတ်ကြားထားသူများနှင့် အလှူရှင်များတက်ရောက်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ လာဘသိဒ္ဓိစေတီတော်နှင့် ရွှေလရောင်၊ ရွှေလဝန်း၊ ရွှေလပြည့်စေတီများ၊ ရွှေထီးတော်တင်လှူပွဲနှင့် သာမဏေ ၁၀၈ပါးတို့အား သာသနာ့ဘောင်ချီးမြှင့်ခြင်း အခမ်းအနားများကို မေ ၉ ရက်၊၁၀ရက်နှင့်၁၁ရက်များတွင်ကျင်းပမည်ဖြစ်ရာ ပါဝင်ကုသိုလ်ယူလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင် ဖုန်း-၀၉-၉၀-၅၀၅၈၆နှင့် သာသနာ့အကျိုးဆောင်အဖွဲ့ဝင် ဦးရဲမြင့် ဖုန်း-၀၉-၉၀-၄၀၆၄၄ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ **(က-ပ)**

မိဘများအားရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း တိုက်၂၀ အခန်း၆နေ ဒေါ်အုန်းကြည် သားသမီး မြေးမြစ်တစ်စုတို့က ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အမည်ပြောင်း

ဦးစိုင်းကျော်အေး၏သား အထက(၅)မြစ်ကြီးနား၊ နဝမတန်း(B 7)မှ စိုင်းကုဋေကျော်အား စိုင်းကျော်တင့်ဟုလည်းကောင်း၊ စတုတ္ထတန်း(B)မှ နန်းအိအိမွန်းအေးအား နန်းအိအိမွန်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

စိုင်းကျော်တင့်၊ နန်းအိအိမွန်း။



ရောင်းရန်ရှိသည်

ပို့ိုင့်ဝမ်း ရော်ဘာပျိုးပင်

(၁) မျိုးသန့်အစေ့ပျိုးပင်များ
(၂) မျိုးသန့်ကိုင်းကူးပျိုးပင်များ

အမှတ်-၅၅၉၊ မင်းလမ်း၊ ထုံးကြီးလမ်းခွဲထိပ်၊ အင်းတကော်မြို့၊ ပဲခူးမြို့နယ်။
ဖုန်း-၀၁-၇၁၀၂၆၅။

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

အမည်ပြောင်း

(အဖ)ဦးလှသန်း၏သား မြိတ်မြို့ (အမက-မြစ်ငယ်) စတုတ္ထတန်းမှ မောင်ကျော်လင်းသူအား မောင်ကျော်သူလင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်သူလင်း။

ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ကြည့်ရှုစစ်ဆေး၊ လုပ်ငန်းဆိုင်ရာများမှာကြား

မန္တလေး မေ ၅

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၀ ရက် နံနက် ၈ နာရီခွဲက ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း (မန္တလေးဘက်ကမ်း)သို့ ရောက်ရှိကြသည်။

ထို့နောက် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း(မန္တလေးဘက်ကမ်း) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်ကမ်း၌ ပင်မတံတားတိုင် RP-3 နှင့် RP-4 ကြားတွင် သံပေါင်များတပ်ဆင်ပြီးစီးမှု၊ RP-4 နှင့် RP-5 ကြား၌ သံပေါင်တပ်ဆင်ရန် ကျန်ရှိမှု၊ ချဉ်းကပ်တံတား လူသွားလမ်းနှင့် လက်ရန်းတည်ဆောက်ခြင်း လုပ်ငန်းနှင့် ချဉ်းကပ်လမ်း ဖို့မြေလုပ်ငန်းများကိုလည်းကောင်း၊ ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း(စစ်ကိုင်းဘက်ကမ်း) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက စစ်ကိုင်းဘက်ကမ်း၌ ပင်မတံတား သံပေါင်များ တပ်ဆင်ပြီးစီးမှု၊ ပင်မတံတားနှင့် ချဉ်းကပ်တံတားတွင် ကြမ်းခင်း သွန်းလောင်းမှုနှင့် ချဉ်းကပ်လမ်း မြေသားလုပ်ငန်းဆောင်ရွက်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက သံပေါင်တပ်ဆင်ပြီးစီးသော ပင်မတံတားများ၌ ယာဉ်သွားလမ်းနှင့်လူသွားလမ်းကြမ်းခင်း သွန်းလောင်းနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် တည်ဆောက်ရေး စီမံကိန်း(မန္တလေးဘက်ကမ်း) တွင် ပင်မတံတားနှင့် ချဉ်းကပ်တံတားတို့၌ ယာဉ်သွားလမ်းနှင့် လူသွားလမ်းကြမ်းခင်းသွန်းလောင်းမှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းဖို့မြေလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းတွင် မန္တလေးဘက်ကမ်း၌ ပင်မတံတားတိုင် RP-1 မှ RP-2 အထိ ၁၁၂ မီတာ၊ RP-2 မှ RP-3 အထိ ၁၁၂ မီတာ သံပေါင် တပ်ဆင်ပြီးဖြစ်သည်။

ပင်မတံတားတိုင် RP-3 မှ RP-4 အထိသံပေါင်တပ်ဆင်ရာတွင် ရှစ်မီတာအခန်း၂၈ခန်းရှိရာ နောက်ဆုံးသံပေါင်တပ်ဆင်ရန် ကျန်ရှိသော ရှစ်မီတာတစ်ခန်းကို မေ ၂၉ရက်၌သံပေါင်တပ်ဆင်နိုင်ခဲ့၍ သံပေါင်တပ်ဆင်မှုတွင် လိုအပ်သော အနိမ့်၊အမြင့် ညှိနှိုင်းခြင်း၊ အကွာအဝေးမှန်ကန်မှု ရှိအောင် တိုင်းတာခြင်း လုပ်ငန်းများကို အဆင်ပြေစွာဖြင့်ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအချိန်တွင် RP-4 မှ RP-5 သို့ သံပေါင်တပ်ဆင်ရာ၌ နောက်ဆုံးကျန်ရှိသည့် ရှစ်မီတာတစ်ခန်းကို သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တံတားတစ်စင်းလုံး သံပေါင်တပ်ဆင်မှု လုပ်ငန်းစုစုပေါင်းမှာ ၁၁၂၆ မီတာရှိရာမှ ၁၁၁၈မီတာ တပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဦးဘဌေး(ရှေဦး)အားရည်စူး၍ အမှတ် ၄၇ (B-1) ဗဟန်း(၃)လမ်းနေ အစ်မကြီး ဒေါ်ဝိုင်းနှင့် ဇနီးဒေါ်ညိုညိုမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင်က လက်ခံယူစဉ်။

(က-ပ)

မြန်မာ့အသံ

၈-၅-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရွှေဘိုခရိုင်ငါးလုပ်ငန်း ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ)
၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (စကားပြောသော မြက်ခင်း) (သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ

ညနေပိုင်း

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇း၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ကဆုန်လညောင်ရေသွန်းပွဲ-ခိုင်ခိုင်)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဆိုင်းအဖွဲ့ (အဆို၊ အက၊ အရေး၊ အတီးဆုရ မန္တလေးတိုင်းမှ မလွင်မီထွန်းဆိုင်းနှင့် မနုနုလွင်ဆိုင်းအဖွဲ့)

သွားနှင့်ခံတွင်းရောဂါရှင်များ အခမဲ့စမ်းသပ်ကုသပေး

ကန့်ဘလူ မေ ၁၈

ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ ညှိနှိုင်းမှုဖြင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း စစ်ကိုင်းတိုင်းအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာတင့်ဝေ ဦးဆောင်သော သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများသည် ကန့်ဘလူမြို့နယ်၌ မေ ၁ရက်မှ ၃ ရက်အထိ သွားနှင့်ခံတွင်း ရောဂါရှင် ၃၉၄ ဦးတို့အား အခမဲ့ စမ်းသပ်စစ်ဆေး ကုသပေးခဲ့ကြသည်။

သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာတင့်ဝေ၊ဒေါက်တာသီတာမိုး၊ ဒေါက်တာပြည့်ဖြိုးမောင်၊ ဒေါက်တာအိအိအောင်နှင့် ဒေါက်တာဝင်းသိန်းနိုင်တို့အဖွဲ့သည် မေ ၁ ရက်က ကန့်ဘလူမြို့နယ် ဆေးရုံ အထူးကုဆေးခန်း၌ ရောဂါရှင် ၁၀၈ ဦးတို့ကို အခမဲ့စစ်ဆေးကုသပေးကြသည်။ **(၀၅၆)**

မြကျွန်းသာကျေးလက်စာကြည့်တိုက် ရေရှည်တည်တံ့ရေး သုတရသစာအုပ်နှင့် ဂျာနယ်မျိုးစုံပေးအပ်လှူဒါန်း

ကောလင်း မေ ၃၀

ကောလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ စုပေါင်း၍ မြကျွန်းသာ ကျေးလက်စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် သုတရသစာအုပ်နှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို မေ ၁၈ ရက် မွန်းလွဲ၁နာရီက ကောလင်းမြို့နယ် ရေကန်သာအုပ်စု သဖန်းကုန်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်ဝေ၊ ကျောင်းအုပ်ကြီး ဦးယောမင်းဆွေနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် စာကြည့်တိုက်မှူး ဦးစိုးအေးက စာကြည့်တိုက်အကြောင်း သိကောင်းစရာကိုလည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင် (သိန်းကျော်မြင့်-ကောလင်း)က ရှေ့ဆက်ရမည့် စာကြည့်တိုက် ခရီးအကြောင်းကိုလည်းကောင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်) က သတင်း နှင့် မီဒီယာကိုလည်းကောင်း ဟောပြောကြသည်။

လွှဲပြောင်းပေးအပ်

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ် ၅၆ အုပ်၊ ခင်မို့မို့စာပေက သုတရသစာအုပ် ၂၅ အုပ်နှင့် ဂျာနယ် ၁၀၀၊ ကြယ်စင်စာပေက ဂျာနယ် ၁၀၀ တို့ကို ကျောင်းအုပ်ဆရာကြီး ဦးယောမင်းဆွေထံသို့ လွှဲပြောင်းပေးအပ်လိုက်သည်။ **(၀၂၆)**

ပျော်ဘွယ်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လုပ်ငန်းများဆွေးနွေး၊ စိုက်ပျိုးပြီးစီးမှုကြည့်ရှု

ပျော်ဘွယ် မေ ၂၀

ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်သည် မေ ၂ ရက် နံနက် ၁၀ နာရီက ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်အပြည့်အဝ စိုက်ပျိုးရေး လုပ်ငန်းရပ်များ ဆွေးနွေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာ အုပ်စုအလိုက် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးပြီးစီးမှု လုပ်ငန်းများ အသေးစိတ်စစ်ဆေး ကြည့်ရှုသည်။ **(၂၅၀)**

ဒဂုံမြို့သစ်တောင်ပိုင်း (၇၁) ရပ်ကွက် အမှတ်(၁၂)အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မူလတန်း အဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မေ ၂၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ခိုင်က စတုတ္ထတန်းကျောင်းသူ မသော်သော်ဟန်အား သင်ယူပြီး မြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(ပညာရေး)

ထီးချိုင့်၌ နွေရာသီပြည်သူ့အကျိုးပြု သင်တန်းများဖွင့်

ထီးချိုင့် မေ ၁၂

ကသာခရိုင် ထီးချိုင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး နွေရာသီပြည်သူ့အကျိုးပြု သင်တန်းများ ဖွင့်ပွဲကို မေ ၂ ရက်က ထီးချိုင့်မြို့ အခြေခံပညာ အထက်တန်းကျောင်း မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ထီးချိုင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်းများဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးထွန်းထွန်း ကနွေရာသီပြည်သူ့အကျိုးပြု သင်တန်းစီမံချက်များနှင့်ပတ်သက်၍ ရှင်းလင်းကာအခြေခံပညာအထက်တန်းကျောင်း အုပ်ဆရာကြီး ဦးထိန်ဝင်းက သင်တန်းများ၏ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး၌ကျင်းပသော သတ္တဋ္ဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့် သတ္တဋ္ဌာန ဗုဒ္ဓဘုရားရှင်များအား ဓာတ်ကြီးလေးပါး ဆွမ်းများ ကပ်လှူပွဲအခမ်းအနားကို မေ၂ရက်က လယ်တီအောင်ဓမ္မာရုံ၌ ကျင်းပရာ ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာသဘ အရှင်သူမြတ်က အဓိဋ္ဌာန် တရားတော်များ ဟောကြား ချီးမြှင့်စဉ်။ (ဝ၅၂)

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ တံဆိပ်တော်ရ ဘဒ္ဒန္တဝေပုလ္လအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ပြည် မေ ၆

ပဲခူးတိုင်း(အနောက်)သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပြည်မြို့ ဝေပုလ္လာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် (၇၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို မေ၁၁ရက် (ကဆုန်လပြည့်) နံနက် ၅နာရီခွဲတွင် ပင့်သံဃာတော် ၅၄ပါးတို့အား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး နံနက် ၇နာရီခွဲတွင် (၇၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာကို ကျင်းပ၍ နံနက် ၉နာရီတွင် စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ဂုဏပူဇာသဘင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုနိုင်ရန် ဖြစ်မြောက်ရေးကော်မတီအဖွဲ့က နိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေကျောင်းတိုက်ပရိဝုဏ်အတွင်း ငွေကျပ်သိန်း၃၀၀ကျော် အကုန်အကျခံတည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက် မတ် ၂၂ရက်က ရွှေတောင်ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဝိမလထံ မော်လမြိုင်မြို့ မရမ်းကုန်းရပ် ပုလဲလမ်း အမှတ်၁၉နေ ဦးမောင်လွင်-ဒေါ်ကြည်ပို့ သမီးမဥမ္မာလွင်၊ မောင်နန္ဒာချစ်၊ မသူဇာလွင်မိသားစုက ငွေကျပ်၁၀သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

နွားထိုးကြီး ဧပြီ ၃၀

နွားထိုးကြီးမြို့ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်က ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသော (၁၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီက နွားထိုးကြီးမြို့ အမှတ်၂ ရပ်ကွက် အလယ်ကျောင်း ပရိယတ္တိစာသင်တိုက် သီရိအောင်လှိုင်ဓမ္မဗိမာန်တော်အတွင်း၌ ကျင်းပသည်။

ထို့နောက် ချိုင်းနားကျောင်း ဆရာတော် ဂန္ထဝါစကပဏ္ဍိတက ငါးပါးသီလချီးမြှင့်ပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပုညသီရိက ဩဝါဒစကားမြွက်ကြားသည်။

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဒုတိယရဲမှူး အောင်သန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကြွရောက်တော်မူလာကြသော သံဃာတော်များက ပဋ္ဌာန်းများကို အလှည့်ကျ ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။ (၂၁၃)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် တာမွေမြို့နယ် ကျောက်မြောင်း သတိပဋ္ဌာန်လမ်း အမှတ်(၄၇)နေ ဦးမြင့်ဝေ-ဒေါ်စိုးစိုးမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဧပြီ ၁၁ ရက်က အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်တွင် တာဝန်ခံ တောင်ဖီလာ ဦးလှမြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းကြီးမှူး အခြေခံဆင့် ရှေးဦးသူနာပြုစုသင်တန်းဆင်း

မိုးကောင်း ဧပြီ ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံဆင့် ရှေးဦးသူနာပြုစုခြင်း သင်တန်းအမှတ်စဉ် (၄/၂၀၀၆) ဆင်းပွဲအခမ်းအနားကို ဧပြီ ၃ ရက်နံနက် ၁၀နာရီခွဲက ရေရှင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျေးရွာအုပ်စု ကြက်ခြေနီအသင်း ဥက္ကဋ္ဌဦးသန်းလွင်က အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများကို မြို့နယ် ကြက်ခြေနီတပ်ရင်း ဒုတိယ တပ်ရင်းမှူး ဦးမြင့်အောင်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းလွင်နှင့် ကျေးရွာအုပ်စု ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးသန်းလွင်တို့က ပေးအပ် ချီးမြှင့်ကြသည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခုနစ်ရက် ကြာမြင့်ခဲ့ကြောင်းသိရသည်။ (၄၁၆)

နွေရာသီ စက်ချုပ်သင်တန်းဖွင့် ကျန်းမာရေးပညာပေးဟောပြော

ခန္တီး ဧပြီ ၁၀

ခန္တီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ နွေရာသီ စက်ချုပ်သင်တန်းဖွင့်ပွဲကို မတ်၂၅ရက် နံနက်၉နာရီက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးခန်းမတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မင်းဆွေက အမှာစကား ပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်မေရီက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ တီဘီရောဂါ အကြောင်းကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာအောင်သင်းကရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

ခင်ဦး ဧပြီ ၁၅

ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧပြီ ၁ရက်က မြင်းဒေါင်း၊ အင်းဘက်၊ မရမ်းအင်း၊ ကန်းသာ၊ ကျီးကန်၊ ပေါက်တံနှင့် ဝန်းကြီးကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဦးအောင်လှနှင့် ဝန်ထမ်းများက ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စာကြည့်တိုက်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ပန်းတောင်းမြို့၌ တရားစခန်းသိမ်းပွဲကျင်းပ

ကျောက်ပန်းတောင်း ဧပြီ ၁၉

ကျောက်ပန်းတောင်းမြို့ တောင်ဇင်အနောက် အေးငြိမ်းချမ်းသာဝိပဿနာကျောင်းတိုက်ကြီး၏ (၁၃)ကြိမ်မြောက်ဝိပဿနာ အလုပ်ပေးတရားစခန်းသိမ်းပွဲကို ဧပြီ၁၈ရက် မွန်းလွဲ ၂နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ထို့နောက် တပည့်ဒါယကာယောဂီအပေါင်းတို့က လှူဒါန်းကြသော လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တရားပို့ချ

အဆိုပါ အေးငြိမ်းချမ်းသာဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဉာဏ် ရောက် ဝိပဿနာတရားစခန်းသို့ တက်ရောက် တရားရှုမှတ်ကြသော ရဟန်းအပါး၅၀၊ ယောဂီ ၂၇၅ ဦးတို့အား အေးငြိမ်းချမ်းသာကျောင်းတိုက် ဆရာတော်ကြီးနှင့် မန္တလေးမြို့ မြို့ဟောင်း မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာ တရားတော်ပြန့်ပွားရေးဌာနချုပ်မှ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တနန္ဒာစာရဆရာတော်တို့က တရားပို့ချတော်မူကြောင်း သိရသည်။ **(ဝ၆၁)**

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်

အင်းတော် မေ ၂

အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၅ရက်က အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး အင်းတော်မြို့ မြို့မကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဩဘာသ ဩဝါဒကထာမြွက်ကြား၍ ငါးပါးသီလ ချီးမြှင့်တော်မူသည်။

ရှင်းလင်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ငွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၁၃၃)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဧပြီ၆ရက်က အမှတ် (၁၀)ရပ်ကွက် ရုံးခန်း၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြရွှေနှင့် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို ဧပြီ ၁၁ရက်က မိုးညှင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာတောကွင်း၌ ကျင်းပရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မြေ ၅ ဧကတွင် ကြက်ဆူပျိုးပင် ၆၀၀၃ပင်ကို စိုက်ပျိုးကြစဉ်။ (၁၅၂)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

အရာတော် ဧပြီ ၁၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဧပြီ၅ရက်က မကျီးကန်ကျေးရွာ အနာဂတ်လူငယ် စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက စာအုပ်ထားသိုပုံစနစ်နှင့် စာအုပ်စာရင်းရေးသွင်းနည်းတို့ကို လက်တွေ့ပြသကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ငြင်းချက်ထုတ်ရန် သမ္မန်စာ

တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့်–၅၊ နည်းဥပဒေ–၂၀(၁)
မြစ်ကြီးနားခရိုင်တရားရုံး၌
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်–၉

၁။ ဦးကေဇော်လွန်း	**နှင့်**	၁။ ဦးဂျာနော်
၂။ ဒေါ်ဂျာဘောက်		၂။ ဒေါ်လုအောင်
		၃။ ဒေါ်မဂျီခေါ်နံထွဲ
တရားလို		**တရားပြိုင်**

ရန်ကုန်မြို့၊ အမှတ် ၂၃၊ ၆ လွှာ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေရပ်နေ ဒေါ်မဂျီခေါ်နံထွဲ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကေဇော်လွန်းပါ–၂ ဦးက ပူးပေါင်းလိမ်လည်၍ ရရှိသောစီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၆ခုနှစ် မေလ ၂၂ ရက် (၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၆ခုနှစ် မေလ၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်သန်း
ခရိုင်တရားသူကြီး၊ မြစ်ကြီးနားခရိုင်တရားရုံး။

ကွယ်လွန်သူဒေါ်ဇူဗေဒါဘီဘီ၏ ပစ္စည်းများအား သက်ဆိုင်ရာဌာနများတွင် အမည်ပြောင်း လျှောက်ထားခြင်း၊ အဆောက်အအုံသစ်ဆောက်လုပ်ခွင့်လျှောက်ထားနိုင်ရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၃၀၇ အရစီမံခန့်ခွဲခွင့်ပြုပါရန် လျှောက်ထားကြောင်း

အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး
၂၀၀၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၆

၁။ မောင်အာစိဖ်(ခ) မောင်မျိုးဝင်း
၂။ မောင်ကိုကိုနိုင် **လျှောက်ထားသူများ**

(ကွယ်လွန်သူဒေါ်ဇူဗေဒါဘီဘီ၏ ကျန်ရစ်သောပစ္စည်းများနှင့် ပတ်သက်သောအမှုတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။)

အထက်အမည်ပါ လျှောက်ထားသူများက ကွယ်လွန်သူ ဒေါ်ဇူဗေဒါဘီဘီ၏ ကျန်ရှိနေသောပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို ၂၄–၈–၂၀၀၅ ရက်နေ့တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့်လျှောက်ထားသူများမှ ကွယ်လွန်သူဒေါ်ဇူဗေဒါဘီဘီ၏ ကျန်ရှိရစ်သောပစ္စည်းများအတွက်သက်ဆိုင်ရာဌာနများတွင် မြေအမည်ပြောင်းလျှောက်ထားခြင်းနှင့် အဆောက်အအုံသစ်ဆောက်လုပ်ခွင့် လျှောက်ထားခြင်းတို့ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇ အရလျှောက်ထားလာရာ ယင်းလျှောက်လွှာကို ၂၀၀၆ ခုနှစ်၊ မေလ ၁၈ ရက်(၁၃၆၈ခုနှစ် ကဆုန်ပြည့်ကျော် ၇ ရက်နေ့) နံနက် ၁၀း၀၀နာရီအချိန်တွင် ကြားနာစစ်ဆေးရန်ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သည့် ကွယ်လွန်သူ ဒေါ်ဇူဗေဒါဘီဘီ၏ ပစ္စည်းအရေးကိစ္စနှင့် ပတ်သက်သူ မည်သူမဆို အထက် ဖော်ပြပါရုံးချိန်းနေ့၌ ဤရုံးသို့လာရောက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးမောင်
တွဲဖက်တိုင်းတရားသူကြီး(၆)၊ရန်ကုန်တိုင်းတရားရုံး။

မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးစိုးတင့် (ဒု–ညွှန်မှူး၊ စာရင်းစစ်ချုပ်ရုံး)**နှင့်ချစ်မေမေ **ဒေါ်စန္ဒာအေး(စာရင်းစစ်မှူး စာရင်းစစ်ချုပ်ရုံး)** တို့၏ ၇–၅–၂၀၀၆ ရက်တွင် ကျရောက်သည့် အနှစ်(၂၀)ပြည့် မင်္ဂလာမှနောင်နှစ်ပေါင်းများစွာတိုင် ချစ်သမီးများနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် သူတော်ကောင်းတရားများ အားထုတ်နိုင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သပါသည်။

ချစ်သမီးကြီး – သော်သော်စိုးစံ Final Part I, IM (2)
ချစ်သမီးငယ် – မိုမိုစိုးစံ 2nd year Eng: UEY,
°°KOEKI Japanese (UMFCCI)

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၃၅၄

ဒေါ်မိမိနိုင်	**နှင့်**	ဦးလှဝင်း
တရားနိုင်		**တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်–၂၇၅/၀၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၀၆ခုနှစ် ဇွန်လ ၁၃ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲ ဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၆ ခုနှစ် မေလ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် မာဃ(၈)လမ်း၊ အမှတ် ၇၈၃၊ မြေတိုင်းအခေါ်အားဖြင့် မြေတိုင်းရပ်ကွက်အမှတ်(၁၂) အကွက်အမှတ်၇၈၃ နှစ်(၆၀)ဂရန် ဦးသိန်းအမည်ပေါက် ၎င်းမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

ကြမ်းခင်းဈေးကျပ်သိန်း၆၀တိတိ (ကျပ်သိန်းခြောက်ဆယ်တိတိ)။

ဒေါ်ခင်နှင်းဦး(တ/၁၆၀၆)
ဒုတိယခရိုင်တရားသူကြီး(၂)၊အရှေ့ပိုင်းခရိုင်တရားရုံး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း အလှကုန်ပစ္စည်း စက်ရုံနှင့်ဆပ်ပြာစက်ရုံအမှတ်(၁)တို့အတွက် အောက်ဖော်ပြပါ ရေမွှေးကုန်ကြမ်းများ ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက် (ကီလို)		တင်ဒါပိတ်မည့် နေ့ရက်/အချိန်
(1)	Hmwe Perfume (TS-6122)(Lux Type)	၃၅၀	ဆပ်ပြာ(၁)သို့ ပေးသွင်းရန်	၁၆–၅–၂၀၀၆ ၁၄း၀၀နာရီ
(2)	Hmwe Perfume (TS-6524)(Fruity Type)	၂၃၀	”	”
(3)	Hmwe Perfume (TS-6435)(Flower Type)	၃၅၀	”	”
(4)	Hmwe Perfume (TS-4780)(FA Type)	၃၅၀	”	”
(5)	Sunlight Perfume	၄၀၀	”	”
(6)	Bergamot Art	၇၅	အလှကုန်ပစ္စည်း စက်ရုံသို့ပေးသွင်းရန်	”
(7)	Petitgrain	၆	”	”
(8)	Flower Bouquet	၁၉	”	”
(9)	Brut Musk	၁၉	”	”
(10)	Lavender Ter pinless	၁၀	”	”
(11)	Colmen (18.390 B)	၃၈	”	”
(12)	Geranium Rose	၁၀	”	”
(13)	Geraniol	၅	”	”
(14)	Patchouly Penang	၁၀	”	”
(15)	Flaral Bouquet (H.W-4934)	၁၉	”	”

၂။ အသေးစိတ်အကြောင်းအရာများကို အလှကုန်ပစ္စည်း စက်ရုံတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများ ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်–၅၆၅၇၁၅၊ ၅၆၅၁၇၂၊ ၅၆၅၃၃၃။

စက်ရုံမှူး
အလှကုန်ပစ္စည်းစက်ရုံ။



အမည်ပြောင်း

ဘားအံမြို့ အမှတ်၁/၃၅၇နေ (အဖ)ဦးဘသိန်း၏သား မောင်ဝင်းထူးအား မောင်ဝင်းဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝင်းဝင်း။

အမည်ပြောင်း

ဒဂုံမြို့သစ်တောင်ပိုင်း(၇၁)ရပ်ကွက်၊ အမှတ်(၁၅၄၆)ကနေ ဦးကိုကိုကြီး၏သား အောင်စေတနာကျောင်း အဋ္ဌမတန်းမှ မောင်ဝမ်းကူး(ခ)မောင်ဇော်လင်းအား ယနေ့မှစ၍ မောင်စစ်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။**မောင်စစ်လင်းထက်။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ ယာဉ်အမှတ် ၁က/၃၆၈၀၏ အခွန်ပုံစံ(၁)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဒေါ်အေးနန်း ဖုန်း– ၂၅၂၅၈၂။**

ဖခင်အမည်မှန်

ရန်ကုန်တိုင်း တာမွေမြို့နယ် အထက(၁)တာမွေ နဝမတန်း (B)မှ မလင်းလင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ရဲလှ ဖြစ်ပါကြောင်း။

ဦးအောင်ရဲလှ။

(ကမ–၃)မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၈၂၁၉ယာဉ် လက်ဝယ်ရှိသူ ဦးမောင်မောင်ခင်၊ မှတ်ပုံတင် အမှတ် ၁၃/လလန(နည်)၀၀၀၁၀၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(အနောက်ပိုင်းခရိုင်ရုံး)၊
သဃ်န်းကျွန်းမြို့နယ်။

ဗဟန်းမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေး သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၆

ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၄)ဖွင့်ပွဲကို မေ ၂ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရေးမှူး ဦးနေဝင်းနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရေးမှူး ဦးရဲကျော်သူရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ဖြစ်ပြီး သင်တန်းသား ၆၀ တက်ရောက်ကြသည်။ **(က–ပ)**

ပျော်ဘွယ်မြို့နယ်အသင်း စာအုပ်စာစောင်လှူဒါန်း

ရန်ကုန် မေ ၆

ပျော်ဘွယ်မြို့နယ်အသင်း(ရန်ကုန်)ကို အမှုဆောင်အသစ်များဖြင့် ပြန်လည်ဖွဲ့စည်းပြီးဖြစ်ရာ အသင်းသားအပေါင်းအသင်းများ ဆက်သွယ်ရန်နှင့် ပျော်ဘွယ်မြို့နယ်ရှိ စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ သွားရောက်လှူဒါန်းမည်ဖြစ်ရာ ပျော်ဘွယ်မြို့နယ်အသင်း(ရန်ကုန်) ဖုန်း– ၃၉၄၈၈၉၊ ၃၉၄၈၈၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

မေ ၃ ရက်က လှည်းကူးမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ဟော်ကီအထောက်အကူပြုအားကစားပစ္စည်းများ လှူဒါန်းပွဲတွင် ဦးလှစိန်က ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဟော်ကီအဖွဲ့ချုပ်)

ညောင်ရေသွန်းပွဲနှင့် ခုနစ်ရက်တရားစခန်း

ရန်ကုန် မေ ၆

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်းကျေးရွာ မိုးကုတ်ဝိပဿနာရာသက်ပန် အမြဲတမ်း တရားစခန်း ဓမ္မရိပ်သာတွင် ပူဇော်ထားရှိသော မဟာဗောဓိပင်အား မေ ၁၁ ရက် ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားဖြင့်ပူဇော်ပြီး မိုးကုတ်ယောဂီများက ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်၍ ကဆုန်ညောင်ရေသွန်းလောင်းမည်ဖြစ်သည်။

(၅၉)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းအားထုတ်ပွဲကို မေ၁၁ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော၊တရားအားထုတ်လိုသောယောဂီများမေ၁၀ရက်ညနေအရောက်လာရောက်ကြရန်နိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး) ဆရာကန်တော့ပွဲကျင်းပ

ရန်ကုန် မေ ၆

ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး)ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်ဆရာကန်တော့ပွဲကို မေ၁ရက်က ကျင်းပရာ ကွယ်လွန်သွားပြီးဖြစ်သော ဆရာဆရာမများအားရည်စူး၍ သံဃာတော်များအား သင်္ကန်းပရိက္ခရာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။ **(က–ပ)**

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး အလေးထားဆောင်ရွက် ပြည်ထောင်စုလမ်းမကြီးများနှင့် ဒေသဖွံ့ဖြိုးရေးလမ်းများအဆင့်မြှင့်တင်ဖောက်လုပ် လမ်းများအဆင့်မီအောင်ထိန်းသိမ်း၊ တံတားများအချိန်မီပြီးစီးအောင်တည်ဆောက်

နေပြည်တော် မေ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် မေ ၃ရက် နံနက်ပိုင်းက နေပြည်တော်မြို့တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မိတ္ထီလာမြို့နယ်ရှိ နယ်မြေခံတပ်သို့ရောက်ရှိပြီး မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မိတ္ထီလာစက်မှုဇုန် ခြံစည်းရိုးကြက်ဆူပင် စိုက်ဧက ၂၃၉ ဧကကွက်မှ ဦးတင်အောင်၏ ခြံစည်းရိုးကြက်ဆူပင် ဧက ၄၀ စိုက်ခင်းသို့ သွားရောက်ကြည့်ရှု၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မေ ၄ရက် နံနက်ပိုင်းတွင် နောင်ချို-ကျောက်မဲ-လားရှိုး ကားလမ်း ဘေးဝဲယာတစ်လျှောက်၌ နွေစပါးနှင့် သီးနှံများ ဖြစ်ထွန်းအောင်မြင်မှုနှင့်လမ်း၊ တံတားပိုင်းဆိုင်ရာ အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မိုလ်ဘိုင်းဖုန်းအသုံးပြု၍ မိုးလေဝသ သတင်းသိရှိနိုင်

တဲလ်အဗစ် (အစ္စရေး) မေ ၆

မိုလ်ဘိုင်းဖုန်းအတိုင်များမှ အချက်ပြမှုများသည် အစ္စရေးနိုင်ငံ၌ မိုးရွာနည်းစနစ်များကို တိုင်းထွာရာတွင် အသုံးပြုလျက်ရှိကြောင်း သိပ္ပံပညာရှင်များ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြသည်။

သုံးသပ်တင်ပြ

တဲလ်အဗစ်တက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့သည် ခန့်မှန်းတိုင်းတာမှုများပြုလုပ်ရန် မိုလ်ဘိုင်းဖုန်းကွန်ရက်များမှ သတင်းအချက်အလက်များ စုဆောင်းလျက် သုံးသပ်တင်ပြထားသည်။

ကောင်းမွန်တိကျ

ယင်းနည်းပညာသည် မိုးလေဝသဌာနမှ လက်ရှိအသုံးပြုနေသော နည်းစနစ်ထက် ပို၍ကောင်းမွန်တိကျမှုရှိကြောင်း အဆိုပါသုတေသီများ၏ ပြောကြားချက်ကို သိပ္ပံဂျာနယ်တစ်စောင်က ကိုးကားဖော်ပြသည်။

မျှော်လင့်

၎င်းနည်းပညာသည် ဆီးနှင်းကျဆင်းခြင်း၊ မိုးသီးကြွေကျခြင်းသို့မဟုတ် မြူဆိုင်းခြင်းတို့ကိုလည်း တိုင်းတာနိုင်လိမ့်မည်ဟု အဆိုပါသိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါ တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ (မေ ၇ ရက်)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLD ၏ နိုင်ငံရေးလုပ်ဆောင်မှုအနေအထားမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှသွေဖည်နေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပါတီတွင်းလမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုမရရှိ ပြည်တွင်းအင်အားကိုအလေးမထားဘဲ ပြည်ပအားကိုသာ အလေးထားဆက်သွယ်ဆောင်ရွက်နေ

နိုင်ငံရေးလှေကြီးစီးရန်ကြံရွယ်လျက်ရှိသော လူတစ်စုနှင့်လက်တွဲရန်မလိုတော့သောကြောင့် မဘိမ်းမြို့နယ် NLD ရုံးကိုပိတ်သိမ်းပြီး ပါတီဝင်အဖြစ်မှ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးခင်ဋွေးအပါအဝင် ပါတီဝင် ၁၃ဦးတို့သည် ၎င်းတို့၏ဆန္ဒအလျောက် မေ ၁ရက်တွင် NLDပါတီမှ နုတ်ထွက်ကြောင်း စုပေါင်းနုတ်ထွက်လွှာကို မေ ၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၄ ✡